# STUDENT GUIDE to JAPAN 2018 - 2019









STUDY in JAPAN

JEIC

# CONTENTS


**Chapter 1**
ဂျပန်ပညာတော်သင်နှင့် ပတ်သက်ပြီးသိရှိခြင်း။

ဂျပန်နိုင်ငံသည် မည်သို့သောနိုင်ငံဖြစ်သနည်း။ ............ 1
အဘယ်ကြောင့် ဂျပန်နိုင်ငံသို့ ပညာတော်သင်သွားရျင်သနည်း။ ............ 2
ဂျပန်ပညာတော်သင်အစီအစဉ် ............ 3
Schedule ............ 4

**Chapter 2**
ကျောင်း၊ စာမေးပွဲအကြောင်းကို သိရှိခြင်း။

ဂျပန်နိုင်ငံ၏ပညာရေးစနစ် ............ 6
တက္ကသိုလ်နှင့်ဥပစာကောလိပ် ............ 8
ဘွဲ့လွန်တက္ကသိုလ် ............ 10
※ အင်္ဂလိပ်ဘာသာဖြင့်ဒီဂရီရရှိနိုင်သည့်အတန်း ............ 13
ကာလတိုပညာသင်ခြင်းနှင့်ကျောင်းပြောင်းခြင်း ............ 14
နည်းပညာ(ဥပစာကောလိပ်) ............ 15
သက်မွေးပညာသင်(ဥပစာကောလိပ်) ............ 16
ဂျပန်စာသင်ကြားမှုအဖွဲ့အစည်းများ ............ 18
ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ............ 20
ဂျပန်နိုင်ငံတွင်ပညာသင်ကြားရန်အတွက်စာမေးပွဲများ ............ 22

**Chapter 3**
နေထိုင်မှုအကြောင်းသိရှိခြင်း။

လူဝင်မှုကြီးကြပ်ရေးလုပ်ထုံးလုပ်နည်းများ ............ 23
ပညာတော်သင်အတွက် လိုအပ်သောကုန်ကျစရိတ် ............ 27
နေထိုင်မှုကုန်ကျစရိတ်၊ ကုန်ဈေးနှုန်း ............ 28
ကျောင်းလခ ............ 29
ပညာတော်သင်ဆု ............ 32
အချိန်ပိုင်းအလုပ် ............ 35
နေရာထိုင်ခင်း ............ 36
ဆေးကုသမှုအာမခံ၊ မတော်တဆထိခိုက်မှုအာမခံ ............ 37
အလုပ်သင်၊အလုပ်အကိုင်ရှာဖွေခြင်း ............ 38
ဂျပန်နိုင်ငံတွင်ကုမ္ပဏီအလုပ်ရခြင်း ............ 39

**Chapter 4**
ပိုမိုသိရှိစေရန်အချက်များ။

စာရင်းဇယား ............ 40
ဂျပန်နိုင်ငံတွင်ပညာသင်ကြားခြင်း အမေး - အဖြေ / ဂျပန်နိုင်ငံတွင် ပညာသင်ကြားမှုမြှင့်တင်ရေး အကြောင်းအရာများထုတ်ပြန်သည့်နေရာ ............ 41
သတင်းအချက်အလက်စုစည်းထားခြင်း ............ 42


Photo courtesy of Digital Hollywood University, Kobe, Kyoto University, Ochanomizu University, Tokai University, Sophia University

# ဂျပန်နိုင်ငံသည်မည်သို့သောနိုင်ငံဖြစ်သနည်း။

- ပျမ်းမျှအသက် : တစ်ကမ္ဘာလုံးတွင်အသက်အရှည်ဆုံးနိုင်ငံ
- လုပ်ငန်းသုံးစက်ရုပ်အသုံးချမှုအရေအတွက် : ကမ္ဘာ့အဆင့် (၁)
- UNအတွက်ထောက်ပံ့မှု : ကမ္ဘာ့အဆင့် (၂)
- ပြည်သူ့ဝင်ငွေရရှိမှု (GNI) : ကမ္ဘာ့အဆင့် (၃)
- ကားထုတ်လုပ်မှုအရေအတွက် : ကမ္ဘာ့အဆင့် (၃)
- ကမ္ဘာတွင်ငြိမ်းချမ်းမှုအဆင့် : ကမ္ဘာ့အဆင့်(၁၀)၊ အာရှတွင်အဆင့် (၁)
- လူဦးရေ : ကမ္ဘာ့အဆင့် (၁၁)
- ရှေးဟောင်းအမွေအနှစ်အရေအတွက် : ကမ္ဘာ့အဆင့် (၁၂)၊ အာရှတွင်အဆင့် (၄)
- ဂျပန်လူမျိုးနိုဘယ်လ်ဆုရှင်ဦးရေ : (၂၅) ဦး၊ ကမ္ဘာ့အဆင့် (၇)၊ အာရှတွင်နံပါတ်(၁)

ကိုးကား - Kids Ministry of Foreign Affairs
ကိုးကား - Global Peace Index 2017
ကိုးကား - Organisation Internationale des Constructeurs d' Automobiles
ကိုးကား - ပညာရေးနှင့် သိပ္ပံဆိုင်ရာစာရင်းစာအုပ် (၂၀၁၇ ခုနှစ်)




## နယ်ဒေသများ၏ဆွဲဆောင်မှုများ

သဘာဝပါရားပေါများခြင်း – စားသောက်ဖွယ်ရာများပေါများခြင်း – သမိုင်းကြောင်းရာဝင်ရှိခြင်း

**ဟိုကိုင်းဒိုးဒေသရှိလုပ်ငန်း** အစားအသောက်၊ စတ္တုထုတ်လုပ်မှု၊ သစ်ပျော့ဖတ်၊ သံ သံမဏိ၊ စက်ယန္တရား၊ ရေနံ၊ ဓာတုပစ္စည်း၊ Sightseeing၊ မုန်လာချို၊ အာလူး၊ ဂျုံ၊ နွားနို့၊ စီမ်း၊ ပင်လယ်ထွက်ပစ္စည်းများ။

**Tohoku ဒေသရှိလုပ်ငန်း** မိရိုးဖလာစက်မှုလုပ်ငန်း၊ လျှပ်စစ်စက်ယန္တရားများ၊ အနုစိတ်စက်ယန္တရားများ၊ ဆန်၊ ပန်းသီး၊ ချယ်ရီသီး၊ မက်မုံသီး၊ သစ်တော်သီး၊ ပင်လယ်ထွက်ပစ္စည်းများ။

**Kanto ဒေသရှိလုပ်ငန်း** သံနှင့်သံမဏိလုပ်ငန်း၊ သင်္ဘောတည်ဆောက်ခြင်း၊ စက်ယန္တရားများ၊ ရေနံဓာတုပစ္စည်း၊ ကား၊ အိမ်သုံးလျှပ်စစ်ပစ္စည်း၊ လေယာဉ်၊ ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း။

**Chubu ဒေသရှိလုပ်ငန်း** ကြွေထည်၊ အနုစိတ်စက်ယန္တရား၊ လေယာဉ်၊ ကား၊ ရေနံဓာတုပစ္စည်း၊ ဆန်၊ လိမ္မော်သီး၊ လက်ဖက်ခြောက်၊ ပန်းသီး၊ စပျစ်သီး၊ မက်မွန်သီး။

**Kinki ဒေသရှိလုပ်ငန်း** အကြီးစားဓာတုလုပ်ငန်း၊ ချည်မျှင်၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်၊ မြို့တွင်းစိုက်ပျိုးရေးလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ လိမ္မော်သီး၊ ပုလဲမွေးမြူရေးလုပ်ငန်း။

**Chugoku ဒေသရှိလုပ်ငန်း** ဓာတုချည်မျှင်၊ သံနှင့်သံမဏိလုပ်ငန်း၊ သင်္ဘောတည်ဆောက်ခြင်း၊ ကား၊ ရေနံဓာတုပစ္စည်းများ၊ ဘိလပ်မြေ၊ သစ်တော်သီး၊ စပျစ်သီး၊ မက်မွန်သီး၊ ကမာကောင်မွေးမြူရေးလုပ်ငန်း။

**Shikoku ဒေသရှိလုပ်ငန်း** သင်္ဘောတည်ဆောက်ရေး၊ သတ္တု၊ စတ္တုထုတ်လုပ်ခြင်း၊ သစ်ပျော့ဖတ်၊ ပုဝါ၊ ဓာတုချည်မျှင်၊ လိမ္မော်သီး၊ ကြာပန်း၊ မုန်လာဥဝါ။

**Kyushu/Okinawa ဒေသရှိလုပ်ငန်း** သံနှင့်သံမဏိ၊ စက်ယန္တရားလုပ်ငန်း၊ ဓာတုလုပ်ငန်း၊ သင်္ဘောတည်ဆောက်ရေး၊ ရေနံဓာတုလုပ်ငန်း၊ ဆန်၊ လိမ္မော်သီး၊ ကန်စွန်းဥ၊ ဆေးရွက်ခြောက်၊ မွေးမြူရေးလုပ်ငန်း၊ ပင်လယ်ထွက်ပစ္စည်းများ။

## Introduction of Japan Web Site

- **CRUISE PORT GUIDE OF JAPAN**
  http:// www.mlit.go.jp/kankocho/cruise/jp/introducation/index.html
- **Web Japan (外務省)**
  http://web-japan.org/
- **DISCOVER the SPIRIT of JAPAN（日本政府観光局 (JNTO)）**
  http://www.visitjapan.jp/ja/

# အဘယ်ကြောင့် ဂျပန်နိုင်ငံသို့ ပညာတော်သင်သွားချင်သနည်း။

## ယခုလက်ရှိဂျပန်နိုင်ငံတွင်ပညာသင်ယူနေဆဲသူများကိုမေးမြန်းခဲ့ပါသည်။

### Q ဂျပန်နိုင်ငံမှာပညာသင်ယူချင်တဲ့သင့်ရဲ့ရည်ရွယ်ချက်ကဘာများပါလဲ။ (အဖြေအရေအတွက်များ)

A

| | | |
|---|---|---|
| အဖြေ ၁။ | ဒီဂရီရရှိလိုခြင်းကြောင့်ဖြစ်သည်။ | 53.2 % |
| အဖြေ ၂။ | အလုပ်ဝင်ချိန်တွင် လိုအပ်သောနည်းပညာစွမ်းရည်နှင့်ဗဟုသုတရရှိနိုင်ဖို့အတွက်ဖြစ်သည်။ | 47.3 % |
| အဖြေ ၃။ | ဂျပန်မှာ အလုပ်လုပ်မည်၊ သို့မဟုတ် ဂျပန်စီးပွားရေးလုပ်ငန်းတွင် အလုပ်ဝင်မည်။ | 44.3 % |
| အဖြေ ၄။ | နိုင်ငံတကာအတွေ့အကြုံ ယူပြီး နိုင်ငံတကာနှင့် ပေါင်းသင်းဆက်ဆံမှုကို ဖန်တီးလိုခြင်းကြောင့်ဖြစ်သည်။ | 31.8 % |
| အဖြေ ၅။ | နိုင်ငံတကာနှင့်အညီ တွေးခေါ်မှုများကိုသင်ယူလိုခြင်းကြောင့်ဖြစ်သည်။ | 31.0 % |
| အဖြေ ၆။ | ယဉ်ကျေးလိမ္မာစေရန်သင်ယူလိုခြင်းကြောင့်ဖြစ်သည်။ | 27.1 % |
| အဖြေ ၇။ | ဂျပန်စာအရည်အချင်းကိုတိုးတက်စေလိုခြင်းကြောင့်ဖြစ်သည်။ | 21.8 % |
| အဖြေ ၈။ | မတူညီသောယဉ်ကျေးမှု ကိုထိတွေ့လိုခြင်းကြောင့်ဖြစ်သည်။ | 17.3 % |
| အဖြေ ၉။ | ကောင်းမွန်သောပတ်ဝန်းကျင် ကို သုတေသနပြုလုပ်ချင်သောကြောင့်ဖြစ်သည်။ | 9.6 % |

ဂျပန် လူမျိုးနှင့် အခြားနိုင်ငံခြားသား သူငယ်ချင်း အများအပြားမိတ်ဖွဲ့ကာ တက်တက်ကြွကြွ ပေါင်းကူးဆက်သွယ်မှုပြုလုပ်ခြင်း၊ သင်ရိုးပြင်ပလှုပ်ရှားမှုများတွင် အစွမ်းကုန်ပါဝင်ခြင်းဖြင့် ကျေနပ်အားရသည့် လူနေမှုဘဝကို ရရှိနိုင်ခဲ့ပါသည်။



### Q အဘယ်ကြောင့် ဂျပန်နိုင်ငံသို့ ပညာသင်သွားရောက်ဖို့ရွေးချယ်ခဲ့သနည်း။

(အဖြေအရေအတွက်များ)

A

| | | |
|---|---|---|
| အဖြေ ၁။ | ဂျပန်လူ့ဘောင်အဖွဲ့အစည်းကို စိတ်ဝင်စားမိကာ၊ ဂျပန်တွင်နေထိုင်ကြည့်ချင်မိသောကြောင့် | 59.5 % |
| အဖြေ ၂။ | ဂျပန်စာ၊ ဂျပန်ယဉ်ကျေးမှုကို သင်ယူချင်သောကြောင့် | 47.3 % |
| အဖြေ ၃။ | ဂျပန်တက္ကသိုလ်များမှ ပညာရေး သုတေသနလုပ်ငန်းများမှာ ဆွဲဆောင်မှုရှိသည်ဟု ထင်မြင်ယူဆသောကြောင့် | 35.8 % |
| အဖြေ ၄။ | ဂျပန်နှင့်ဆက်စပ်နေသော လုပ်ငန်းများ တွင်အလုပ်ဝင်လိုသောကြောင့် | 25.0 % |
| အဖြေ ၅။ | မတူညီသောယဉ်ကျေးမှု ကိုထိတွေ့လိုခြင်းကြောင့်ဖြစ်သည်။ | 23.1 % |
| အဖြေ ၆။ | ဝါသနာပါသည့်အထူးပညာရပ်နယ်ပယ် ရှိသောကြောင့် | 22.1 % |
| အဖြေ ၇။ | သူငယ်ချင်း၊ အသိ၊ မိသားစုတို့မှ တိုက်တွန်းသောကြောင့် | 19.6 % |
| အဖြေ ၈။ | ပထဝီအနေအထားအရနီးသောကြောင့် | 19.6 % |
| အဖြေ ၉။ | အခြားနိုင်ငံများကိုလည်းစဉ်းစားခဲ့သေးပေမယ့်၊ ပညာအရည်အချင်းနဲ့ကုန်ကျစရိတ်စတဲ့ အချက်တွေက အကိုက်ညီဆုံးနေရာဖြစ်သောကြောင့် | 15.0 % |
| အဖြေ ၁၀။ | တက္ကသိုလ်အချင်းချင်းယဉ်ကျေးမှုဖလှယ်လာခဲ့ရာမှ | 5.8 % |

ထူးချွန်ပြောင်မြောက်လှတဲ့ သုတေသနပညာရှင်တွေနဲ့ ဝန်းရံလျက်ရှိပြီး၊ ကျေနပ်စရာကောင်းလှတဲ့ သုတေသနပြုလုပ်မှုကို ဖန်တီးနိုင်ပါတယ်။ ခိုင်မာဖြတ်သားသော ရည်မှန်းချက်ချပြီး သုတေသနအလုပ်တွေမှာ အာရုံစိုက်လုပ်ကြည့်ပါ။



### Q ဂျပန်ပညာတော်သင်သွားခဲ့ခြင်းနှင့်ပတ်သက်သောထင်မြင်ချက်မှာ -




ဂျပန်နိုင်ငံရဲ့ထူးခြားမှုတစ်ခုဖြစ်တဲ့ အလုပ်ဝင်ဖို့လုံးပန်းရတာဟာပင်ပန်းလှပေမယ့်၊ မိမိကိုယ်မိမိ ပြန်လည်သိရှိစေကာ ဘဝအကယ့်ကို တိုးတက်လာစေဖို့အတွက် အဖိုးတန်လှတဲ့ အတွေ့အကြုံဖြစ်ခဲ့ပါတယ်။



ကိုးကား - ၂၀၁၅ ခုနှစ်၊ မိမိစရိတ်ဖြင့် နိုင်ငံခြားပညာသင်ကျောင်းသား၏နေထိုင်မှုအခြေအနေစစ်တမ်းအရ (JASSO)

# ဂျပန်ပညာတော်သင်အစီအစဉ် - အစီအစဉ်ရေးဆွဲခြင်း

## အစီအစဉ်ရေးဆွဲခြင်းသည်အောင်မြင်မှု၏သော့ချက်ဖြစ်သည်။

ဤအချက်မှာ အရေးအကြီးဆုံး ဖြစ်သည်။

**Why** ဘာကြောင့်

**ပညာသင်ယူချင်သည့်ရည်ရွယ်ချက်**
သင်ရည်မှန်းထားတဲ့ အနာဂတ် အလုပ်အကိုင်မှာ ဘယ်လိုအရည်အချင်း၊ စွမ်းရည်မျိုး လိုအပ်ပါသလဲ။

**Where** ဘယ်မှာ

**ဘယ်လိုပညာရေးအဖွဲ့အစည်း၊ မှာ သင်ယူတာကောင်းပါသလဲ။**

**How long** ဘယ်လောက်ကြာ

**ဘယ်လောက်ကြာကြာသင်ယူဖို့ လိုအပ်ပါသလဲ။**

**What** ဘာကို

**ဘာကိုသင်ယူချင်တာလဲ။**
အထူးပြုဘာသာရပ်တွေက ဘာတွေလဲ။

| | | | | |
|---|---|---|---|---|
| ၁ ဘွဲ့ခေါင်းစဉ် | Bachelor's Degree | University | 4 years (**Some are 6 years) | Economics, Physics, Medicine, Architecture, Agriculture, Social Welfare, Design, Art, Education, Sociology, Informatics, Environmental Studies, Anime, Game |
| | Master Degree | Graduate School | 2 years ~ | |
| | Doctor Degree | Graduate School | 3 years ~ | |
| | Associate Degree | Junior College | 2 years ~ (***Some are 3 years) | |
| | Diploma | Professional Training College | 2 ~ 3 years | |
| | Advanced Diploma | Professional Training College | 4 years | |
| ၂ အချိန်ပိုင်းသင်ယူမှု အတွေ့အကြုံ | Short-Term Studying Abroad | Japanese Language School, University's Short-term Program | Several Months ~ 1 year | Japanese Language, Japanese Culture, Comparative Culture |
| | Exchange Studying | University | Within 1 year | |
| ၃ ဂျပန်ဘာသာ လေ့လာသင်ယူမှု | Language Learning | Japanese Language School | ~ 2 years | College Course, Japanese Conversation, Business Japanese |
| | Going to College/ University | Japanese Language School | ~ 2 years | |
| | | Private University, Junior College, Japanese Culture and Language Program | 1 ~ 2 years | |

**When** ဘယ်တော့လဲ

**ဘယ်တော့သွားမှာလဲ။**
ဘယ်အချိန်ကနေစလို့ရပြီလဲ။
ပြင်ဆင်ဖို့အချိန်ကာလဘယ်လောက် လိုအပ်သလဲ။

**How much** ဘယ်လောက်လဲ

**ဘယ်လောက်ကုန်ကျမလဲ။**
လေယာဉ်စရိတ်? နေထိုင်မှုကုန်ကျစရိတ် ?
အခန်းခ? စားသောက်စရိတ်?
ငွေစုထားတာနဲ့လောက်ပါ့မလား?
မိသားစုက ငွေပို့တာကကော?
အချိန်ပိုင်းအလုပ်ကကော?
ပညာသင်ဆုကကော?

စာမျက်နှာ (၄ နှင့် ၅) မှ Schedule ကိုကြည့်ပြီး အစီအစဉ်ဆွဲကြရအောင် !!!

စာမျက်နှာ (၂၈ မှ ၃၆ အထိ) Schedule ကိုကြည့်ပြီး အစီအစဉ်ဆွဲကြရအောင် !!!

# Schedule

နိုင်ငံခြားပညာသင်ဖို့အစီအစဉ်ဆွဲပြီးပြီလား။
ရှေ့ဆက်ပြီးဘယ်လိုမျိုးပြင်ဆင်မှုတွေကိုလုပ်ဆောင်သွားမလဲ၊ ခန့်မှန်းခြေအချိန်ဇယားကိုကြည့်ကြည့်ရအောင်။

## နိုင်ငံခြားပညာတော်သင်သွားရောက်ဖို့ အစီအစဉ်စဆွဲသည့်မှ ဂျပန်သွားသည့်အထိ

### Plan 1

ဂျပန်စာကိုပဲသင်ယူချင်သောသူများ

1 မှ 8 အထိအမိနိုင်ငံတွင်ပြင်ဆင်ပြီး 9 ကို ဂျပန်နိုင်ငံတွင်ပြင်ဆင်ကာ 10 မှာတော့ ဂျပန်စာသင်ကျောင်းတွင် ကျောင်းတက်နိုင်ပါပြီ။

### Plan 2

ဂျပန်စာသင်ယူပြီးနောက် တက္ကသိုလ်နှင့်သက်မွေးပညာသင်ကျောင်း တွင် ပညာဆက်လက်သင်ယူလိုသူများ

1 မှ 8 အထိအမိနိုင်ငံတွင်ပြင်ဆင်ပြီး 9 ကိုဂျပန်နိုင်ငံတွင်ပြင်ဆင်ကာ 10 မှာတော့ ဂျပန်စာသင်ကျောင်းတွင် ကျောင်းတက်နိုင်ပါပြီ။ ဂျပန်စာသင်ကျောင်း မှာသင်ယူနေစဉ်အတွင်းတွင် 11 မှ 12 အထိကိုပြင်ဆင်ထားပြီး 22 တွင်ကျောင်းပြီးဆုံးပါပြီ။ 23 တွင် တက္ကသိုလ်၊သက်မွေးပညာသင်ကျောင်းတွင် ကျောင်းဝင် နိုင်ပါပြီ။

### Plan 3

အမိနိုင်ငံမှနေပြီး ဂျပန်တက္ကသိုလ်၊ သက်မွေးပညာသင်ကျောင်းများသို့ တိုက်ရိုက် ကျောင်းဝင်လိုသူများ

ဂျပန်စာအရည်အချင်းရှိနှင့်ပြီးသားသူ၊ အင်္ဂလိပ်စာဖြင့်သင်ယူနိုင်သည့် ဘာသာရပ်ကို သင်ယူလိုသူများ။

2 မှ 10 အထိကို အဆင့်ကျော်ပြီး 11 စာရွက်စာတမ်းတောင်းခံမှုကနေ စတင်လိုက်ရအောင်။ ကျောင်းဝင်ခွင့်စာမေးပွဲကို အောင်မြင်ပါက လုပ်ငန်းစဉ်အတိုင်း ဆက်လက်လုပ်ဆောင်ကာ 23 တွင် တက္ကသိုလ်၊သက်မွေးပညာသင်ကျောင်းတွင် ကျောင်းဝင်နိုင်ပါပြီ။




(အနီရောင်မြှား) = မိမိနိုင်ငံတွင်ပြင်ဆင်ခြင်း။
(အပြာရောင်မြှား) = ဂျပန်နိုင်ငံတွင်ပြင်ဆင်ခြင်း။

## နိုင်ငံခြားပညာတော်သင်သွားလိုသူများသို့ဝန်ဆောင်မှုပေးသည့်အေဂျင်စီကိုအသုံးပြုခြင်းနှင့်ပတ်သက်၍

မိမိဘာသာနိုင်ငံခြားပညာတော်သင်သွားရန်လုပ်ဆောင်ခြင်းသည် စီးပွားရေးအရလည်းသင့်တော်သလို၊ မိမိဘာသာ ဆုံးဖြတ်နိုင်စွမ်းရှိစေခြင်း၊ ဘာသာစကားစွမ်းရည်တိုးတက်စေခြင်းစသည့် အကျိုးကျေးဇူးများသော်လည်း အလုပ်များစေခြင်း၊ ဘာသာစကားစွမ်းရည်ကိုစိတ်မချနိုင်သေးသည့်အခြေအနေမျိုးတွင် နိုင်ငံခြားပညာတော်သင် ဝန်ဆောင်မှုအေဂျင်စီကိုအသုံးပြုကာ ဂျပန်ပညာတော်သင်သွားရောက်မှုပြုလုပ်ခြင်းသည်လည်း ရွေးချယ်စရာနည်း လမ်းတစ်ခုပဲဖြစ်ပါသည်။

ရွေးချယ်ရမည့်အဓိကအချက် ၊

၁။ ကုန်ကျစရိတ် — နေရာသုံး၊ လေးနေရာယှဉ်ကြည့်ပြီးအဆင်ပြေလောက်တဲ့ ဈေးနှုန်းဖြစ်ရဲ့လား။ ဂျပန်မှာ အချိန်ပိုင်းအလုပ်လုပ်ပြီး ကျောင်းစရိတ်နှင့်နေထိုင်စားသောက်စရိတ် အားလုံးကို ရှာနိုင်မယ် လို့ တိုက်တွန်းနေသလား။ ကုန်ကျစရိတ်အသေးစိတ်နှင့် ဝန်ဆောင်မှု အကြောင်းအရာများကို စာချုပ်အနေနဲ့ ပြုလုပ်ထားသလား။

၂။ လုပ်ဆောင်ပေးမှု — နိုင်ငံခြားပညာတော်သင်လိုသည့်စံနှုန်းနှင့်ကိုက်ညီသည့်ကျောင်းကိုမိတ်ဆက်ပေးရဲ့လား။ စာရွက်စာတမ်းအတုနဲ့ ပြည်ဝင်ဖို့တိုက်တွန်းနေသလား။ မေးခွန်းတွေနဲ့လုပ်ငန်းစဉ်များရဲ့တိုးတက်မှုနှင့်ပတ်သက်ပြီး တိကျတဲ့အဖြေရှိရဲ့လား။ လျှောက်လွှာတင်ဖို့အလျင်လိုနေသလား။ ပညာသင်သွားရောက်တာနဲ့ပတ်သက်တဲ့ ကောင်းတဲ့အချက်တင်မကဘဲ စိတ်ပင်ပန်းစေနိုင်တဲ့အချက်တွေကိုရော ရှင်းပြပေးရဲ့လား။

၃။ အောင်မြင်မှုများ — ဂျပန်သို့ကျောင်းသားပို့ပေးမှုတွင် ရလာဒ်ကောင်းတွေရှိနေရဲ့လား။

| အဆင့် | ဆက်စပ်စာမျက်နှာ | ကာလ | | လုပ်ဆောင်မှု |
|---|---|---|---|---|
| 1 အစီအစဉ်ဆွဲခြင်းနှင့်အချက်အလက်စုဆောင်းခြင်း | P.3,<br>P.27 ~ 31 | | | နိုင်ငံခြားပညာတော်သင်သွားရမည့် ရည်ရွယ်ချက်ကို တိကျအောင်လုပ်ရမည်။ လိုအပ်သည့်ဘာသာစကားစွမ်းရည်နှင့် ပညာသင်စရိတ်ကို စစ်ဆေးကြည့်ပါ။ |
| 2 ဂျပန်စာသင်ကျောင်း၏စာရွက်စာတမ်းတောင်းယူခြင်း | P.18 · 19 | April ~ June | Oct ~ Dec | တက်ရောက်လိုသည့်ကျောင်း ၃၊၄ ကျောင်း၏ကျောင်းမိတ်ဆက်၊ ကျောင်းဝင်ခွင့်လျှောက်လွှာကိုရယူထားရမည်။ လျှောက်လွှာတင်ရမည့်အရည်အချင်းကို စစ်ဆေးကြည့်ပါ။ |
| 3 ကျောင်းရွေးချယ်ခြင်း | P.18 · 19 | ~ Sept | ~ Feb | ကျောင်းမိတ်ဆက်စာရွက်စာတမ်းများကို အခြေခံကာ ဆန္ဒရှိသည့်ကျောင်းကိုရွေးပါ။ |
| 4 စာရွက်စာတမ်းတင်ခြင်း | P.18 · 19 | Sept ~ Nov | Feb ~ April | ကျောင်းဝင်ခွင့်လျှောက်လွှာတင်ခြင်း၊ လိုအပ်သောစာရွက်စာတမ်းကိုဆန္ဒရှိသည့် ကျောင်းသို့ပို့ပါ။ |
| 5 ကျောင်းဝင်ခွင့်ရခြင်း | | Jan ~ March | July ~ Sept | ကျောင်းဝင်ခွင့်ပြုခြင်း စာလွှာကိုလက်ခံရရှိခြင်း၊ ကျောင်းစရိတ်ကိုပေးပို့ခြင်း။ |
| 6 ပြည်ဝင်ခွင့်လုပ်ငန်းစဉ် | P.23 ~ 26 | | | COE လက်ခံရရှိပြီး ဗီဇာတင်ခြင်း။ |
| 7 ပညာသင်သွားရောက်ရန်ပြင်ဆင်ခြင်း | | | | နေထိုင်မည့်နေရာကိုရှာဖွေခြင်း။ |
| 8 ပြည်ပထွက်ခွာရန်လုပ်ငန်းစဉ်များ၊ပြည်ပထွက်ခွာခြင်း | | | | လေယာဉ်လက်မှတ်၊ အာမခံများကိုစီစဉ်ထားရမည်။ |
| 9 ကျောင်းဝင်ခွင့်လုပ်ငန်းစဉ် | | | | |
| 10 ကျောင်းဝင်ခြင်း၊စာသင်ယူမှုစတင်ခြင်း။ | | ဂျပန်စာသင်ကျောင်းသို့ကျောင်းဝင်ခြင်း<br>Apri (1 or 2 yrs course) | ဂျပန်စာသင်ကျောင်းသို့ကျောင်းဝင်ခြင်း<br>Oct (1½ yrs course) | |
| 11 တက္ကသိုလ်၊ အထူးပြုကျောင်းမှစာရွက်စာတမ်းများကိုတောင်းယူခြင်း။ | P.8 ~ 17 | April ~ May | | တက်ရောက်လိုသည့်ကျောင်း ၃၊၄ ကျောင်း၏ကျောင်းမိတ်ဆက်၊ ကျောင်းဝင်ခွင့်လျှောက်လွှာကိုရယူထားရမည်။ လျှောက်လွှာတင်ရမည့်အရည်အချင်းကို စစ်ဆေးကြည့်ပါ။ |
| 12 ကျောင်းရွေးချယ်ခြင်း | P.8 ~ 17 | ~ June | | ကျောင်းမိတ်ဆက်စာရွက်စာတမ်းများကို အခြေခံကာ ဆန္ဒရှိသည့်ကျောင်းကိုရွေးပါ။ |
| 13 ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) လျှောက်လွှာတင်ခြင်း။<br>ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲ (JLPT)<br>TOEFL®, IELTS, TOEIC® ဝင်ခွင့်<br>(လိုအပ်ချက်အပေါ်မူတည်ပြီးပြောင်းလဲနိုင်သည်) | P.20 ~ 22 | ~ July | | ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) လျှောက်လွှာတင်ခြင်း၊ လိုအပ်သော စာမေးပွဲကိုဖြေဆိုခြင်း။ |
| 14 လျှောက်လွှာတင်ခြင်း | P.8 ~ 17 | Aug ~ Oct | | ကျောင်းဝင်ခွင့်လျှောက်လွှာတင်ခြင်း၊ လိုအပ်သောစာရွက်စာတမ်းကိုဆန္ဒရှိသည့် ကျောင်းသို့ပို့ပါ။ |
| 15 ဝင်ခွင့်ဖြေခြင်း | | Nov ~ Feb | | စာရွက်စာတမ်းကိုးကားခြင်း။ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ဖြေဆိုထားခြင်း၊ တက်ရောက်လိုသည့်ကျောင်းရဲ့ကျောင်းဝင်ခွင့်စာမေးပွဲကိုဖြေဆိုခြင်း။ |
| 16 ကျောင်းဝင်ခွင့်ရခြင်း | | Jan ~ March | | ကျောင်းဝင်ခွင့်လွှာရရှိခြင်း။ |
| 17 ပြည်ဝင်ခွင့်လုပ်ငန်းစဉ် | P.23 ~ 26 | | | COE လက်ခံရရှိပြီးဗီဇာတင်ခြင်း။ |
| 18 ပညာသင်သွားရောက်ရန်ပြင်ဆင်ခြင်း | | | | ကျောင်းစရိတ်တို့ကိုလွှဲပေးခြင်း။ နေထိုင်မည့်နေရာကိုရှာခြင်း။ |
| 19 နေထိုင်ခွင့်အခြေအနေပြောင်းလဲမှုလုပ်ငန်းစဉ် | | | | |
| 20 ပြည်ပထွက်ခွာရန်လုပ်ငန်းစဉ်များ၊ပြည်ပထွက်ခွာခြင်း | | | | လေယာဉ်လက်မှတ်၊ အာမခံများကိုစီစဉ်ထားရမည်။ |
| 21 ကျောင်းဝင်ခွင့်လုပ်ငန်းစဉ် | | | | |
| 22 ဂျပန်စာသင်ကျောင်းမှအတန်းပြီးဆုံးခြင်း | | | | |
| 23 ကျောင်းဝင်ခြင်း | | တက္ကသိုလ်၊ သက်မွေးပညာသင်ကျောင်းဝင်ခြင်း<br>April | | |
| 24 ကျောင်းပြီးဆုံးခြင်း | | March | | |

* အချို့ကျောင်းများမှာ (၉လ ပိုင်း(သို့) ၁၀လ ပိုင်း) တွင် တက်လို့ရသည်လည်းရှိသည်။
* လျှောက်လွှာတင်သည့်အချိန်မှ ကျောင်းဝင်ခွင့်ရသည့်လုပ်ငန်းစဉ်မှာ ကျောင်းအပေါ်မူတည်ကာ ကွာခြားမှုရှိပါသည်။ ကျောင်းအခါစာအချက်အလက်ကို သေချာစစ်ဆေးပြီး လုပ်ငန်းစဉ်တွင်အမှားမပါရအောင်သတိပြုပါ။

# ဂျပန်နိုင်ငံ၏ပညာရေးစနစ်

ဂျပန်နိုင်ငံ၏အဆင့်မြင့်ပညာရေးသည် မူလတန်းပညာရေး (မူလတန်းကျောင်း၊ ၆ နှစ်)နှင့် အလယ်တန်းပညာရေး (အလယ်တန်းကျောင်း၊ ၃ နှစ်၊ အထက်တန်းကျောင်း၊ ၃ နှစ်)ဖြင့် စုစုပေါင်း ၁၂ နှစ်ကြာတက်ရောက်ပြီးဆုံးချိန်မှစတင်သည်။ နိုင်ငံတကာကျောင်းများ ကျောင်းဝင်ခွင့် ရှိသော အဆင့်မြင့် ပညာရေးအဖွဲ့အစည်းများမှာ (၁) နည်းပညာ(ဥပစာ)ကောလိပ် (၂) သက်မွေးပညာသင်ဥပစာကောလိပ် (အထူးပြုသင်တန်းကျောင်း၊ အထူးပြုသင်တန်း)၊ (၃) ဥပစာကောလိပ် (၄) တက္ကသိုလ်(ပထမဘွဲ့သင်တန်း)၊ (၅) ဘွဲ့လွန်တက္ကသိုလ်ဟူ၍ ၅မျိုးရှိပြီး ဖွဲ့စည်းတည်ထောင်သူအပေါ်မူတည်၍ နိုင်ငံပိုင်၊ ဒေသပိုင်၊ ပုဂ္ဂလိကပိုင်ဟူ၍ခွဲခြားထားသည်။




## ၁။ တစ်နှစ်တာပညာသင်ကြားရေးအစီအစဉ်များနှင့်စာသင်ကာလများ

ဂျပန်နိုင်ငံရှိကျောင်းများသည် ပုံမှန်အားဖြင့် ဧပြီလမှနောက်နှစ်မတ်လအထိ ပညာသင်နှစ်(၁)နှစ်သတ်မှတ်ထားသည်။ ဂျပန်နိုင်ငံ၏တက္ကသိုလ်အားလုံးနီးပါးသည် ဆီမက်စ်တာစနစ်ကိုလက်ခံကျင့်သုံးနေပြီး ပထမဆီမက်စ်တာမှာ ဧပြီမှ စက်တင်ဘာ၊ ဒုတိယဆီမက်စ်တာမှာ အောက်တိုဘာမှ မတ်လဖြစ်သည်။ ဆီမက်စ်တာ(၃)ခုစနစ်နှင့် (၄)ခုစနစ်ကိုကျင့်သုံးသောတက္ကသိုလ်များလည်းရှိသည်။ ဂျပန်နိုင်ငံတွင် ဧပြီလ၌ ကျောင်းစတင်တက်ရောက်ခြင်းမှာ ပုံမှန်ဖြစ်သော်လည်း အထူးသဖြင့် ဘွဲ့လွန်တက္ကသိုလ်များတွင်မူ စက်တင်ဘာလနှင့်အောက်တိုဘာလ၌ လက်ခံသည့်တက္ကသိုလ်က များပါသည်။

**< ဧပြီလ ကျောင်းစတင်တက်ရောက်ခြင်း၊ ဒုတိယဆီမက်စ်တာ တက်ရောက်မည့်ကျောင်းသားများ၏ တစ်နှစ်တာ >**

| ဧပြီလ | မေလ | ဇွန်လ | ဇူလိုင်လ | ဩဂုတ်လ | စက်တင်ဘာလ |
|---|---|---|---|---|---|
| ပထမဆီမက်စ်တာ | | | | နွေကျောင်းပိတ်ရက် | ဒုတိယဆီမက်စ်တာ |

| အောက်တိုဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | ဇန်နဝါရီလ | ဖေဖော်ဝါရီလ | မတ်လ |
|---|---|---|---|---|---|
| ဒုတိယဆီမက်စ်တာ | | Winter Holiday | ဒုတိယ ဆီမက်စ်တာ | နွေဦးရာသီကျောင်းပိတ်ရက် | |

## ၂။ ကျောင်းဝင်ခွင့်အရည်အချင်း

ဂျပန်နိုင်ငံတွင် တက္ကသိုလ်၊ ကောလိပ်၊ အသက်မွေးဝမ်းကျောင်းကို ဝင်နိုင်ရန်အတွက် မူအားဖြင့် ကျောင်းပညာကို ပညာသင်နှစ် (၁၂)နှစ်အထိတက်ဖူးခဲ့ရမည်။
နည်းပညာကောလိပ် (Kosen)အတွက် (၁၁)နှစ်၊ ဘွဲ့လွန်တက္ကသိုလ်(မဟာတန်း)အတွက် ကျောင်းပညာသင်နှစ် (၁၆)နှစ်အထိ တက်ဖူးခဲ့ရမည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ပြည်ပနိုင်ငံရှိကျောင်းများတွင် အထက်တန်း အောင်မြင်ပြီးဆုံးသူများ ဂျပန်တက္ကသိုလ်ဝင်ခွင့်လျှောက်ရာတွင် ဂျပန်နိုင်ငံ၏အထက်တန်းအောင်မြင်ပြီးသူများနှင့်တူညီသော ပညာအရည်အချင်းရှိသည်ဟု သတ်မှတ်ကြောင်း ထုတ်ပြန်ကြေငြာခဲ့ပါသည်။

(၁) မြန်မာနိုင်ငံတွင် အထက်တန်းအောင်မြင်ပြီးသောကျောင်းသားမှာ ဂျပန်ပညာရေး၏ ပညာသင်နှစ် အရည်အချင်း (၁၂)တန်းနှင့်ညီသည်ဟု သတ်မှတ်ခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာတွင် အထက်တန်းအောင်မြင်ပြီးသူကို ဂျပန်တက္ကသိုလ်များတွင် ကျောင်းဝင်ခွင့် လျှောက်ထားခွင့်ပြုမှုဖြစ်ပါသည်။

(၂) ထို့အတူ မဟာတန်းဝင်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍လည်း၊ မြန်မာတက္ကသိုလ်၏ ဘွဲ့ကြိုတန်းပြီးဆုံးကာ အနည်းဆုံးပညာသင်နှစ်အရေအတွက် (၁၅)နှစ်ရှိပါက လျှောက်ထားနိုင်မှာဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဂျပန်တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန်အတွက် မြန်မာတွင်အထက်တန်း အောင်မြင်ပြီးဆုံးသူသည် Preparatory Education Curriculum တွင် တက်ရောက်နေရန်မလိုဘဲ ဂျပန်ဘွဲ့ကြိုတက္ကသိုလ်ဝင်ခွင့်ကို ဖြေဆိုနိုင်မှာဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ဘွဲ့ကြိုတန်း ပြီးဆုံးပါက ဂျပန်တက္ကသိုလ်၏ မဟာတန်းဝင်ခွင့်ကို ဝင်ရောက်ဖြေဆိုနိုင်မှာဖြစ်ပါသည်။

သို့သော်လည်း ဂျပန်တက္ကသိုလ်များ၏ ဝင်ခွင့်လျှောက်ထားနိုင်သောအရည်အချင်းတွင် အသက်ကန့်သတ်ထားသော ကျောင်းများလည်းရှိပါသည်။ ကျောင်းဝင်ခွင့်လျှောက်လွှာမတင်မီတွင် မိမိလျှောက်ထားလိုသော ကျောင်းနှင့်ဆက်သွယ်၍ဝင်ခွင့်လျှောက်ထားနိုင်သောအရည်အချင်းကို မေးမြန်းပါ။ သို့မဟုတ် OJEIC နှင့် ဆွေးနွေးတိုင်ပင်ပါ။

ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ [ သတ်မှတ်ထားသည့် ပညာရေးကြိုတင်ပြင်ဆင်မှုသင်ရိုးညွှန်းတမ်း ]

http://www.jasso.go.jp/ryugaku/study_j/search/nihongokyouiku.html

## ၃။ ရယူနိုင်သော ဒီဂရီ၊ ဘွဲ့ နှင့် သင်တန်းကာလ

| | သင်တန်း | ရယူနိုင်သောဒီဂရီဘွဲ့ | သင်တန်းကာလ |
|---|---|---|---|
| ဘွဲ့လွန်တက္ကသိုလ် | ပါရဂူသင်တန်း *၁ | ပါရဂူဘွဲ့ | ၅နှစ် |
| | မဟာဘွဲ့သင်တန်း | မဟာဘွဲ့ | ၂နှစ် |
| | သက်မွေးအတတ်ပညာဒီဂရီသင်တန်း | မဟာဘွဲ့(သက်မွေးအတတ်ပညာ) | ၂နှစ် |
| | | ဥပဒေပါရဂူဘွဲ့(သက်မွေးအတတ်ပညာ) | ၃နှစ် |
| | | သင်ပြနည်းမဟာဘွဲ့(သက်မွေးအတတ်ပညာ) | ၂နှစ် |
| တက္ကသိုလ်<br>(ပထမဘွဲ့သင်တန်း) | အထွေထွေပထမဘွဲ့သင်တန်း၊ (၄)နှစ်စနစ် ဆေးဝါးပညာသင်တန်း | တက္ကသိုလ်ပထမဘွဲ့ | ၄နှစ် |
| | ဆေးပညာ၊ သွားဘက်ဆိုင်ရာပညာ၊ ဆေးဝါးပညာဌာန၏ (၆)နှစ် သင်တန်းနှင့် တိရိစ္ဆာန်ဆေးကုပညာ | | ၆နှစ် |
| ဥပစာကောလိပ် *၂ *၅ | - | ဥပစာကောလိပ်တွဲဖက်ဒီဂရီ | ၂ - ၃နှစ် |
| နည်းပညာဥပစာကောလိပ် *၃ *၄ *၅ | - | နည်းပညာဥပစာကောလိပ်တွဲဖက်ဒီဂရီ | ၃နှစ်ကုန်သွယ်မှုရေကြောင်းအတွက် ၃နှစ်ခွဲ |
| အထူးပြုသင်တန်းကျောင်း *၄ | အထူးပြုသင်တန်း<br>သက်မွေးပညာသင်ဥပစာကောလိပ် | ဒီပလိုမာ | ၂နှစ်နှင့်အထက် |
| | | အဆင့်မြင့်ဒီပလိုမာ | ၄နှစ်နှင့်အထက် |

*၁။ ဘွဲ့လွန်ပါရဂူဘွဲ့သင်တန်းကို ပထမဆီမက်စ်တာသင်တန်း (၂)နှစ်နှင့် ဒုတိယဆီမက်စ်တာသင်တန်း (၃)နှစ်ဟု ခွဲခြားထားသည်။ ပထမဘွဲ့သင်တန်း၏သင်တန်းကာလ (၆)နှစ်ဖြစ်သော ဆေးပညာ၊ သွားဘက်ဆိုင်ရာပညာ၊ ဆေးဝါးပညာဌာန၏ (၆)နှစ်သင်တန်းနှင့် တိရိစ္ဆာန်ဆေးကုပညာအတွက် ပါရဂူဘွဲ့သင်တန်းမှာ (၄)နှစ်ဖြစ်သည်။

*၂။ ကောလိပ်ပြီးပြီးနောက် အထူးတန်း (၁နှစ် - ၂နှစ်) ကိုဆက်တက်ပါက ဘွဲ့ရနိုင်သည်။

*၃။ ပုံမှန်အားဖြင့် နည်းပညာဥပစာကောလိပ်၏သင်တန်းကာလမှာ (၅)နှစ်ဖြစ်သော်လည်း နိုင်ငံတကာကျောင်းသားများအား ပညာသင်နှစ် တတိယနှစ်မှ လက်ခံမည်ဖြစ်သည်။ ကျောင်းပြီးပြီးနောက်၊ အဆင့်မြင့်သင်တန်း (၂)နှစ်ကို ဆက်တက်ပြီး "တက္ကသိုလ်ပထမဘွဲ့" ဒီဂရီကိုရရှိနိုင်သည်။

*၄။ နည်းပညာကောလိပ်မှပေးသည့် "တွဲဖက်ဒီဂရီ"၊ အသက်မွေးပညာသင်ကျောင်းမှပေးသည့် "ဒီပလိုမာ" နှင့် "အဆင့်မြင့်ဒီပလိုမာ" သည် ပညာသင်ဘွဲ့ဖြစ်သည်။

*၅။ တက္ကသိုလ်ပြုပြင်ပြောင်းလဲမှုကူညီရေးနှင့် ပညာသင်ဘွဲ့ချီးမြှင့်ရေးအသင်း (NIADQE) က အသိအမှတ်ပြုထားသည့် ကောလိပ်နှင့်နည်းပညာကောလိပ်ကိုပြီးမြောက်ပြီး NIADQE က ကျင်းပသည့် စာမေးပွဲကို အောင်လျှင် ပညာသင် ဘွဲ့ရနိုင်သည်။ အသေးစိတ်ကို မိမိတက်ရောက်လိုသည့်ကျောင်းတွင် စုံစမ်းပါ။

**National Institution for Academic Degrees and Quality Enhancement of Higher Education (NIAD-QE)**

http://www.niad.ac.jp/n_gakui/

**Q** ဂျပန်နိုင်ငံတွင် ရရှိထားသောဘွဲ့သည် အခြားနိုင်ငံတွင်အကျုံးဝင်ပါသလား?

**A** ယေဘုယျအားဖြင့် ဂျပန်နိုင်ငံတွင်ရရှိထားသောဘွဲ့သည် အခြားနိုင်ငံများတွင်ရရှိထားသောဘွဲ့နှင့် တန်းတူညီတူ တန်ဖိုးရှိသည်။ သို့သော် နိုင်ငံအလိုက် ပညာရေးဝန်ကြီးဌာန နှင့် အကဲဖြတ်အဖွဲ့အစည်းများ (အမြတ်အစွန်းမရည်ရွယ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ စသည်) က သီးခြားရပ်တည်ပြီး ဒီဂရီဘွဲ့များ အား အကဲဖြတ်ပေးသည်လည်းရှိပါသည်။ ကြိုတင်၍ မိမိနိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများတွင် စုံစမ်းမေးမြန်းသင့်ပါသည်။

# တက္ကသိုလ် (ဘွဲ့ကြို)၊ ဥပစာကောလိပ်

အဆင့်မြင့်ပညာရေး၏ အဓိကပညာသင်ကြားရေးအဖွဲ့အစည်းများဖြစ်ပါသည်။ မူအားဖြင့်  တက္ကသိုလ်များ၏သင်ကြားမှုကာလသည် (၄)နှစ်ဖြစ်ကာ ကောလိပ်၏သင်ကြားမှုကာလသည် (၂)နှစ်ဖြစ်ပါသည်။ အချို့ကျောင်းများတွင် ပုံမှန်ကျောင်းသားမဟုတ်သည့် အချိန်ပိုင်းသင်တန်းသားနှင့် သုတေသန သင်တန်းသားစနစ်လည်း ရှိသည်။ ပညာသင်ဘွဲ့ရရှိရန် ရည်ရွယ်သည့် ကာလရှည်ပညာသင်ကြားခြင်းအပြင်၊ ပညာသင်ဘွဲ့ရရန် မရည်ရွယ်သည့် ကာလတို ပညာသင်ကြားခြင်းစနစ်လည်း ဂျပန်နိုင်ငံတွင် ရှိပါသည်။

## ၁။ ကျောင်းဝင်ခွင့်အရည်အချင်းများ

**အောက်ပါအရည်အချင်းတစ်ခုခု ပြည့်မီနေရန်လိုအပ်ပါသည်။**

၁။ နိုင်ငံခြားတွင် ကျောင်းပညာရေး (၁၂)တန်းထိ ပြီးမြောက်ထားသူ

၂။ နိုင်ငံခြားတွင် ကျောင်းပညာရေး (၁၂) တန်းအထိ ပြီးမြောက်ခြင်းနှင့်ညီမျှသော ပညာအရည်အချင်းစစ်စာမေးပွဲကို အောင်မြင်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ

၃။ ဂျပန်နိုင်ငံတွင် နိုင်ငံခြားအထက်တန်းကျောင်းနှင့်ညီမျှသည်ဟု သတ်မှတ်ထားသော နိုင်ငံခြားကျောင်းကိုပြီးမြောက်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ

၄။ နိုင်ငံခြားတွင် ပညာရေး၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့်ကျောင်းပညာအထက်တန်း (၁၁)တန်းထက် များသောသင်တန်းကိုတက်ရောက် အောင်မြင်ထားသူ

၅။ International Baccalaureate Diploma, German Abiture Diploma, French Baccalaureate Diploma ကို ကိုင်ဆောင်ပြီး (သို့မဟုတ်) GCEA အဆင့်စာမေးပွဲ၏အမှတ်သည် ကျောင်းမှသတ်မှတ်ထားသောအမှတ်ထက် များပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ

၆။ နိုင်ငံတကာအကဲဖြတ်အဖွဲ့များ < WASC, CIS, ACSI > အသိအမှတ်ပြုထားသည့်ပညာရေးအဖွဲ့အစည်းက ဖွင့်လှစ်ထားသောသင်တန်းကို (၁၂)တန်းအထိ တက်ရောက်အောင်မြင်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ

၇။ အထက်တန်းကျောင်းပြီးအဆင့် အသိအမှတ်ပြုစာမေးပွဲအားအောင်မြင်ထားပြီး  အသက်(၁၈)နှစ်ပြည့်ပြီးသူ

၈။ အထက်ပါအရည်အချင်းများအပြင် ကျောင်းပညာရေးဥပဒေတွင် ပြဌာန်းထားသည့် အခြားတက္ကသိုလ်ဝင်ခွင့် အရည်အချင်းတစ်ခုခုကို ပြည့်မီသူ

၉။ ကျောင်းတွင် သီးခြားကျောင်းဝင်ခွင့် အရည်အချင်းစစ်ဆေးမှုအရ အထက်တန်းကျောင်းကို  အောင်မြင်ပြီးသူနှင့်ညီမျှသော ပညာအရည်အချင်းရှိသည်ဟု အသိအမှတ်ပြုခြင်းခံရသူ ဖြစ်ပြီး အသက် (၁၈)နှစ်ပြည့်ပြီးသူ

※ (၁)မှ(၃)အထိနှင့်ပတ်သက်၍ ပညာသင်နှစ်(၁၂)တန်းအောက်ဖြစ်ပြီး နိုင်ငံခြားတွင် အသိအမှတ်ပြုထားသောသင်တန်းကို အောင်မြင်ခြင်းမရှိပါက သတ်မှတ်ထားသော ပညာရေးကြိုတင်ပြင်ဆင်မှုသင်တန်း (သို့) လေ့ကျင့်ရေးကျောင်းသင်တန်းစသည်ကိုပြီးဆုံးရန်  လိုအပ်သည့် အခြေအနေများလည်းရှိပါသည်။ သို့သော်လည်း မြန်မာနိုင်ငံ၏ အထက်တန်းပညာရေး အောင်မြင်ပြီးဆုံးသူသည် ပညာသင်နှစ်အရေအတွက် (၁၁)နှစ်သာရှိသော်လည်း  ဂျပန်တက္ကသိုလ်လျှောက်နိုင်သောပညာအရည်အချင်းရှိကြောင်းသတ်မှတ်ခြင်းပင်ဖြစ်ပါသည်။ ဂျပန်တက္ကသိုလ်များ၏ ဝင်ခွင့်လျှောက်ထားနိုင်သော အရည်အချင်းတွင် အသက်ကန့်သတ်ထားသောကျောင်းများလည်းရှိပါသည်။ ကျောင်းဝင်ခွင့်လျှောက်လွှာ မတင်မီတွင် မိမိလျှောက်ထားလိုသောကျောင်းနှင့် ဆက်သွယ်၍ဝင်ခွင့်လျှောက်ထားနိုင်သောအရည်အချင်းကို မေးမြန်းပါ။ သို့တည်းမဟုတ် OJEIC နှင့်ဆွေးနွေးတိုင်ပင်ပါ။

## ၂။ ကျောင်းစရှာကြရအောင်!

### တက္ကသိုလ်၊ ဥပစာကောလိပ် ရွေးချယ်ရန်အဓိကအချက် !

| | |
|---|---|
| ၁။ စာသင်ကြားမှုနှင့်သုတေသနအကြောင်းအရာ | မိမိအမှန်တကယ်သင်ယူလိုသည့်သင်ကြားမှုရှိရဲ့လား။ သုတေသနလုပ်နိုင်ရဲ့လား။ သင်ယူလိုသည့်ဆရာကောရှိရဲ့လား။ |
| ၂။ သင်ခန်းစာ (ပရိုဂရမ်) | ဂျပန်လူမျိုးနှင့်အတူသင်ယူရမည့်ပရိုဂရမ်လား။ အင်္ဂလိပ်ဘာသာဖြင့်သင်ယူပြီး ဒီဂရီရနိုင်မည့်ပရိုဂရမ်လား။ ကာလရှည်ပရိုဂရမ်လား။ ကာလတိုပရိုဂရမ်လား။ |
| ၃။ သုတေသနပစ္စည်းများ | သုတေသနလုပ်ဖို့အတွက် ပစ္စည်းများပြည့်စုံမှုရှိရဲ့လား။ |
| ၄။ ကျောင်းဝင်ခွင့်စာမေးပွဲ | ဂျပန်သို့မလာခင်တွင် ကျောင်းဝင်ခွင့်ပြုသည့်စနစ်ရှိလား။ နိုင်ငံခြားသားပညာတော်သင်အတွက် အထူးကိုးကားရမည့်အရာတွေရှိလား။ |
| ၅။ ပညာသင်ကျောင်းသားလက်ခံမှုတွင် အောင်မြင်မှု၊ ထောက်ပံ့ပေးနိုင်သည့်စနစ် | ဂျပန်စာကိုပါ ပြန်လည်သင်ကြားပေးသည့် လက်ချာချိန်ရှိလား။ နိုင်ငံခြားသားပညာတော်သင်တွေကို ပံ့ပိုးပေးမည့်ဝန်ထမ်း၊ စာလေ့လာမှု နှင့်နေထိုင်မှုမှာ ကူညီပေးမည့် ကျူတာရှိရဲ့လား။ အလုပ်ဝင်နိုင်ဖို့ပံ့ပိုးပေးတာမျိုးရှိရဲ့လား။ |
| ၆။ ကျောင်းပြီးသည့်နောက်ရွေးဆက်ရမည့်လမ်းကြောင်း | ဘွဲ့လွန်တက္ကသိုလ်သို့ကျောင်းဆက်တက်ဖို့ရှိလား။ အလုပ်ရနိုင်ဖို့ကောရှိရဲ့လား။ |
| ၇။ ကျောင်းစရိတ်၊ အခြားလိုအပ်သည့်စရိတ်များ | ပထမနှစ်၊ ဒုတိယမြောက်နှစ်ကကော။ ဘွဲ့ရတဲ့အထိကုန်ကျစရိတ်စုစုပေါင်းကဘယ်လောက်လဲ။ |
| ၈။ ပညာသင်ဆုစသည့်ထောက်ပံ့ငွေ | ကျောင်းမှပညာသင်ဆုပေးတဲ့စနစ်နှင့်ကျောင်းစရိတ်ကင်းလွတ်ခြင်း၊ လျှော့ပေးခြင်းစသည့် စနစ်ရှိလား။ ထောက်ပံ့ပေးနိုင်တဲ့နှုန်းက ဘယ်လောက်လဲ။ ဂျပန်မလာခင် ထောက်ပံ့ငွေရနိုင်မှုရှိမရှိကို အသိပေးသလား။ |
| ၉။ နေထိုင်မည့်နေရာ | ကျောင်းအဆောင်နှင့်အိမ်ငှားတာတွေကော ရှိလား။ တိုက်ခန်းကော မိတ်ဆက်ပေးသလား။ |
| ၁၀။ နေထိုင်မည့်ဒေသပတ်ဝန်းကျင် | ကျောင်းက စာလေ့လာမှုနှင့်နေထိုင်မှုအတွက် အဆင်ပြေတဲ့ပတ်ဝန်းကျင်ရှိရဲ့လား။ မြို့ပေါ်လား။ နယ်လား။ ရာသီဥတုကကောမျှတရဲ့လား။ |

တက္ကသိုလ်နှင့်ကောလိပ်ဆိုင်ရာအချက်အလက်များ (JASSO)
http://www.jasso.go.jp/ryugaku/study_j/search/daigakukensaku.html

Japanese Colleges and Universities Search (JASSO)
https://www.g-studyinjapan.jasso.go.jp/univ_search/

တက္ကသိုလ်နှင့်ကောလိပ်ဆိုင်ရာအချက်အလက်များ (JAPAN STUDY SUPPORT)
http://www.jpss.jp/ja/




- **Guide to University Entrance for Privately-Financed International Students**

တက္ကသိုလ်အလိုက် ဝင်ခွင့်စာမေးပွဲဆိုင်ရာ အချက်အလက်များနှင့် နိုင်ငံခြားသား ကျောင်းဝင်ခွင့်စာမေးပွဲအောင်မြင်မှုနှုန်းကို စုစည်းပြုစုထားသော အဖိုးတန်သည့်လမ်းညွှန်စာအုပ်၊ တည်းဖြတ်ပုံနှိပ် The Asian Students Cultural Association (ဂျပန်နိုင်ငံအတွင်း၌သာ ဝယ်ယူနိုင်သည်)

※ ဂျပန်နိုင်ငံပညာတော်သင်မြှင့်တင်ရေး စာရွက်စာတမ်းများပုံနှိပ်ထုတ်ဝေရေးအခြေစိုက် (စာ - ၄၁) တွင်ကြည့်နိုင်ပါသည်။

## ၃။ လျှောက်ထားရန်လိုအပ်သည့်စာရွက်စာတမ်းများ



၁။ ကျောင်းဝင်ခွင့်လျှောက်လွှာ (တက္ကသိုလ်မှပြဌာန်းထားသည့်အရာ)
၂။ အထက်တန်းပြီးမြောက်ကြောင်း (ပြီးမြောက်ရန်ရှိကြောင်း) လက်မှတ်
၃။ အထက်တန်းကျောင်းမှဘာသာရပ်နှင့် ရမှတ်မှတ်တမ်း
၄။ သင် တက်ရောက်ခဲ့သော အထက်တန်းကျောင်း၏ကျောင်းအုပ် (သို့) ကျောင်းဆရာ ၏ထောက်ခံစာ
၅။ ဂျပန်ဘာသာအရည်အချင်း (သို့) အင်္ဂလိပ်ဘာသာအရည်အချင်းလက်မှတ်
၆။ အခြား

ကျောင်းအလိုက်တင်ပြရမည့်စာရွက်စာတမ်းများ ကွဲပြားသောကြောင့် အသေးစိတ်ကို လျှောက်ထားလိုသောကျောင်းသို့ တိုက်ရိုက်မေးမြန်းစုံစမ်းပါ။

## ၄။ ကျောင်းဝင်ခွင့်စာမေးပွဲ

တက္ကသိုလ်အများစုသည် ဂျပန်လူမျိုးအတွက် ကျင်းပသည့် ဝင်ခွင့်စာမေးပွဲအပြင် နိုင်ငံခြားသား ကျောင်းသားများအတွက် အထူးဝင်ခွင့်စာမေးပွဲကိုလည်း ကျင်းပနေပါသည်။ အောက်ပါ စစ်ဆေးနည်းများမှ အချို့စစ်ဆေးနည်းများကို တွဲဖက်၍စစ်ဆေးပါသည်။ တက္ကသိုလ်အလိုက် စာမေးပွဲစစ်ဆေးနည်းမတူညီသောကြောင့် ဝင်ခွင့် စာမေးပွဲလမ်းညွှန်ကိုလေ့လာပါ။



၁။ စာရွက်စာတမ်းဖြင့် စစ်ဆေးရွေးချယ်ခြင်း
၂။ ပညာအရည်အချင်း စစ်ဆေးခြင်း
၃။ အင်တာဗျူး
၄။ စာတမ်းတို၊ စာစီစာကုံး
၅။ အခြားအရည်အချင်း၊ ပင်ကိုယ်စွမ်းရည် စသည်ကို စစ်ဆေးခြင်း
၆။ ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU)
၇။ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT)
၈။ တက္ကသိုလ်ဝင်ခွင့်အမျိုးသားစင်တာစာမေးပွဲ

## ၅။ ဘွဲ့ရ၊ ကျောင်းပြီးရန်အတွက်

အောက်ပါလိုအပ်ချက်များနှင့် ပြည့်မီပြီး ကျောင်းပြီးထားပါက ဒီဂရီရရှိနိုင်ပါသည်။
※ ကျောင်းအပေါ်မူတည်ပြီး မိမိရဲ့ကျောင်းဆင်းအမှတ်တွေကို တောင်းဆိုတာမျိုးလည်းရှိပါသည်။

| အမျိုးအစား | | စံထားသည့်ကျောင်းပြီးကာလ | ရရှိသည့်အဆင့်အရေအတွက် | ရရှိမည့်ဒီဂရီ |
|---|---|---|---|---|
| ၁။ တက္ကသိုလ် (ဒီဂရီ) | ပုံမှန်မေဂျာ၊ (၄)နှစ်တာသင်ကြားရသည့် ဆေးဘက်ဆိုင်ရာမေဂျာ | ၄ နှစ် | ၁၂၄ ခရက်ဒစ်အထက် | Bachelor |
| | ဆေးပညာ၊ သွားဘက်ဆိုင်ရာပညာ၊ တိရိစ္ဆာန်ဆေးကုပညာရပ်စသည့် အတန်းများ၊ (၆)နှစ်စနစ်ရှိသည့် ဆေးဘက်ဆိုင်ရာမေဂျာ | ၆ နှစ် | ဆေးပညာ၊ သွားဘက်ဆိုင်ရာ ခရက်ဒစ် ၁၈၈ အထက်၊ တိရိစ္ဆာန်ဆေးကုပညာရပ် ခရက်ဒစ် ၁၈၂ အထက်၊ ဆေးဝါးဆိုင်ရာ အဆင့် ၁၈၆ အထက် | |
| ၂။ ကောလိပ် | ၂ နှစ်တာအတန်း | - | ခရက်ဒစ် ၆၂ အထက် | Associate Degree |
| | ၃ နှစ်တာအတန်း | - | ခရက်ဒစ် ၉၃ အထက် | |

# ဘွဲ့လွန်တက္ကသိုလ်




## ၁။ ဝင်ခွင့်အရည်အချင်း

**အောက်ပါအရည်အချင်းတစ်ခုခု ပြည့်မီနေရန်လိုအပ်သည်။**

### (၁) မဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်း (ပထမဆီမက်စ်တာ)

① ဂျပန်နိုင်ငံ၏တက္ကသိုလ်တွင် ဘွဲ့ရသူ
② National Institution for Academic Degrees and Quality Enhancement of Higher Education (NIAD-QE) မှ အသိအမှတ်ပြုသော တက္ကသိုလ်ပထမဘွဲ့ကို ရထားသူ
③ နိုင်ငံခြားတွင် ကျောင်းပညာရေး (၁၆) တန်းအထိ ပြီးမြောက်သူ
④ နိုင်ငံခြားရှိတက္ကသိုလ်၊ တက္ကသိုလ်နှင့်ညီမျှသော နိုင်ငံခြားရှိကျောင်းတွင် (၃)နှစ် ထက်များသော ပညာသင်နှစ်ကို ပြီးမြောက်အောင်မြင်သောကြောင့် တက္ကသိုလ် ဘွဲ့ရရှိထားသူ
⑤ ဂျပန်နိုင်ငံတွင် နိုင်ငံခြားတက္ကသိုလ်သင်တန်းရှိသည်ဟု သတ်မှတ်ထားခြင်းခံရသည့် ပညာရေးအဖွဲ့အစည်း၏ (၁၆)နှစ်သင်တန်းကို ပြီးမြောက်သူ
⑥ သတ်မှတ်ထားသော သက်မွေးပညာ (ဥပစာ) ကောလိပ်ကို ပြီးမြောက်သူ
⑦ ဘွဲ့လွန်တက္ကသိုလ်တွင် သီးခြားကျောင်းဝင်ခွင့် အရည်အချင်းစစ်ဆေးမှုအရ တက္ကသိုလ်ဘွဲ့ရသူနှင့် တန်းတူညီတူနှင့်အထက် ပညာအရည်အချင်းရှိသည်ဟု အသိအမှတ်ပြုခြင်းခံရသူဖြစ်ပြီး အသက် (၂၂)နှစ် ပြည့်ပြီးသူ

### (၂) ပါရဂူဘွဲ့သင်တန်း (ဒုတိယဆီမက်စ်တာ)

① ဂျပန်နိုင်ငံ၏မဟာဘွဲ့ဒီဂရီ (သို့) သက်မွေးအတတ်ပညာဒီဂရီကို ရထားသူ
② နိုင်ငံခြားတွင် မဟာဘွဲ့ဒီဂရီ (သို့) သက်မွေးအတတ်ပညာဒီဂရီနှင့် ညီမျှသော ဒီဂရီကို ရထားသူ
③ ဂျပန်နိုင်ငံတွင် နိုင်ငံခြား ဘွဲ့လွန်တက္ကသိုလ်သင်တန်းရှိသည်ဟု သတ်မှတ်ထားခြင်းခံရသည့် သင်တန်းကို ပြီးမြောက်၍ မဟာဘွဲ့ဒီဂရီနှင့် သက်မွေးအတတ်ပညာဒီဂရီများနှင့် ညီမျှသော ဒီဂရီကို ရထားသူ
④ တက္ကသိုလ်ဘွဲ့ရထားပြီး တက္ကသိုလ်၊ သုတေသနအဖွဲ့အစည်း (နိုင်ငံခြားရှိ တက္ကသိုလ်၊ သုတေသနအဖွဲ့အစည်းများ အပါအဝင်) စသည်တွင် (၂)နှစ်နှင့် အထက် သုတေသနလုပ်ငန်းများလုပ်ဆောင်ခဲ့သူဖြစ်ပြီး ဘွဲ့လွန်တက္ကသိုလ် တွင် မဟာဘွဲ့ဒီဂရီကို ရရှိထားသူနှင့် ညီမျှသော ပညာအရည်အချင်းရှိသည်ဟု အသိအမှတ်ပြုခြင်းခံရသူ
⑤ ဘွဲ့လွန်တက္ကသိုလ်တွင် သီးခြားကျောင်းဝင်ခွင့်အရည်အချင်း စစ်ဆေးမှုအရ မဟာဘွဲ့ဒီဂရီ (သို့ )သက်မွေးအတတ်ပညာဒီဂရီကို ရရှိထားသူနှင့် ညီမျှသာလွန်သော ပညာအရည်အချင်းရှိသည်ဟု သတ်မှတ်ခြင်းခံရသူ ဖြစ်ပြီး၊ အသက် (၂၄)နှစ်ပြည့်ပြီးသူ

### (၃) ပါရဂူဘွဲ့သင်တန်း (ဆေးပညာ၊ သွားဘက်ဆိုင်ရာ၊ ဆေးဝါး ပညာသင်တန်းအချို့၊ တိရိစ္ဆာန်ဆေးကုပညာ)

ဆေးပညာဌာန၊ သွားဘက်ဆိုင်ရာဆေးပညာဌာန၊ အချို့ဆေးဝါးဗေဒဌာန၊ တိရိစ္ဆာန်ဆေးကုဌာနသို့ ဝင်ခွင့်လျှောက်လိုပါက ဝင်ခွင့်မလျှောက်မီ တက္ကသိုလ်သို့ စုံစမ်းပါ။

## ၂။ သုတေသနအစီအစဉ်ရေးကြရအောင်!

သုတေသနအစီအစဉ် ဟူသည် အကြောင်းအရာကို ဆုံးဖြတ်ပြီး၊ အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ မည်သို့မည်ပုံဖြင့် သုတေသနပြုလုပ်မည်ကို ခြုံငုံပြုစုထားသော စာရွက်စာတမ်းဖြစ်သည်။ ဘွဲ့လွန်တက္ကသိုလ်အများစုတွင် လျှောက်လွှာတင်ချိန်၌ သုတေသနအစီအစဉ်ကို အတူတကွ ပေးပို့ရန် လိုအပ်မည်ဖြစ်သည်။

အကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်သည်။

① သုတေသနရည်ရွယ်ချက်
② နောက်ခံအကြောင်း
③ မတူညီသောထင်မြင်ချက်
④ နည်းလမ်း
⑤ ကျမ်းကိုးစာရင်း စသည်

ရေးသားနည်းနှင့် စာလုံးအရေအတွက်မှာ ကျောင်းအပေါ်မူတည်ကာ ကွဲပြားသည်။ များသောအားဖြင့် စာလုံးရေ (၂,၀၀၀) ခန့်ဖြစ်သည်။ သုတေသနအစီအစဉ်ကို ရေးသားပြုစုရန်အတွက် သင် သုတေသနလုပ်လိုသော နယ်ပယ်၏ စာတမ်းများကို ရှာဖွေပြီး မည်သည့်အတိုင်းအတာအထိ တိုးပေါက်ရောက်ရှိနေပြီး မည်သို့သော အခက်အခဲစိန်ခေါ်မှုများ ကျန်ရှိနေသည်ကို ရှာဖွေလေ့လာရန် အရေးကြီးသည်။

**အမှတ်ပေးသည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။**
① သုတေသနအပေါ်ထားရှိသည့် သဘောထားဆန္ဒ
② ခေါင်းစဉ်ကိုရှာဖွေတွေ့ရှိခဲ့သည့် အင်အား
③ အရာဝတ္ထုတွေကို ခွဲခြမ်းစိတ်ဖြာနိုင်သည့် အင်အား
④ ကျိုးကြောင်းဆီလျော်သည့် စဉ်းစားနိုင်မှုအင်အား
⑤ အထူးပြုဘာသာရပ်နှင့် ပတ်သက်သည့် ဗဟုသုတ

**သုတေသနစာတမ်းရှာဖွေရန်**

• **CiNii Articles**
http://ci.nii.ac.jp/

• **Article Search Qross**
https://qross.atlas .jp/top




• သုတေသနစီမံကိန်း ရေးဆွဲနည်းလမ်းညွှန်
သုတေသနစီမံကိန်း ရေးဆွဲနည်းနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုနည်းကို လေ့လာနိုင်သည်။
စာရေးသူ - JASSO
ထုတ်ဝေသူ - Bonjinsha Co., Ltd
(ဂျပန်နိုင်ငံအတွင်းသာ ဝယ်ယူနိုင်သည်)

※ ဂျပန်နိုင်ငံပညာတော်သင်မြှင့်တင်ရေး စာရွက်စာတမ်းများပုံနှိပ်ထုတ်ဝေရေးအခြေစိုက် (စာ-၄၁) တွင် ကြည့်နိုင်ပါသည်။

## ၃(၁) ကျောင်းရှာဖွေရအောင် !

**ဘွဲ့လွန်တက္ကသိုလ်ဆိုင်ရာအချက်အလက်များ (JASSO)**

http://www.jasso.go.jp/ryugaku/study_j/search/daigakukensaku.html

**ဘွဲ့လွန်တက္ကသိုလ်များရှာဖွေရန် (JAPAN STUDY SUPPORT)**

http://www.jpss.jp/ja/

## ၃(၂) ပညာရေးအကြံပေးပုဂ္ဂိုလ်ရှာကြစို့ !

ပညာရေးအကြံပေးပုဂ္ဂိုလ် ဟူသည် သင်တန်းအစီအစဉ် နှင့် သုတေသနကို အကြံပေးသော နည်းပြဆရာဖြစ်ပြီး၊ အခြေခံအားဖြင့် သင်ကိုယ်တိုင်ရှာဖွေရန် လိုအပ်သည်။ ကျောင်းအလိုက် ကျောင်းလျှောက်လွှာမတင်မီ ကြိုတင်၍ ပညာရေး အကြံပေးပုဂ္ဂိုလ်ကိုရှာပြီး တရားဝင်မဟုတ်သော သဘောတူညီချက်ကို ရယူထားရန် လိုအပ်သည်။

< ပညာရေးအကြံပေးပုဂ္ဂိုလ်ရှာဖွေနည်း >

- သင်တက်ရောက်ခဲ့သော တက္ကသိုလ်၏ ပညာရေးအကြံပေးပုဂ္ဂိုလ်အား မိတ်ဆက်ပေးရန် မေတ္တာရပ်ခံခြင်း။
- ပညာရေးဂျာနယ်များ၊ နိုင်ငံတကာကျောင်းသားဟောင်းများ၊ သင့်နိုင်ငံရှိ သုတေသန ပညာရှင်များ အစရှိသည်မှ အချက်အလက်ရယူခြင်း။
- ဘွဲ့လွန်တက္ကသိုလ်၏ ဝက်ဘ်ဆိုက် စသည်
- တက်ရောက်လိုသည့် တက္ကသိုလ် မှ မိတ်ဆက်ပေးခြင်း။

**ပညာရှင်များရှာဖွေရန်**

- **Researchmap**
  http://researchmap.jp/search/
- **J-GLOBAL**
  http://jglobal.jst.go.jp/en/

< နည်းပြဆရာနှင့် တက္ကသိုလ်များနှင့် ဆက်သွယ်သည့်အခါ >

လက်ရှိအချိန်ထိ သင့်သုတေသနရလဒ် နှင့် နောင်ပြုလုပ်မည့် သုတေသန အစီအစဉ်၊ အဆိုပါ နည်းပြဆရာအား ပညာရေးအကြံပေးပုဂ္ဂိုလ်အဖြစ် ရွေးချယ်ရခြင်းအကြောင်းရင်း အစရှိသည်ကို အသေးစိတ် ရှင်းလင်း ဖော်ပြပြီး၊ ဖြစ်နိုင်ပါက မူရင်းတက်ရောက်နေသည့် တက္ကသိုလ်၏ ပညာရေးအကြံပေးပုဂ္ဂိုလ် အစရှိသူ၏ ထောက်ခံစာကို အတူတွဲပေးပို့ပါက ပိုကောင်းသည်။ အဆိုပါနည်းပြဆရာသည် သင့်အကြောင်းကို စာများမှတဆင့်သာ အကဲဖြတ်နိုင်သောကြောင့် အကြိမ်ကြိမ်အဖန်ဖန် စာပေးစာယူပြုပြီး၊ သင့်စိတ်ဆန္ဒပြင်းပြမှုကို သိရှိအောင်ဖော်ပြရန် လိုအပ်သည်။ နည်းပြဆရာဆီသို့ မေးလ်ရေးနည်းနှင့်ပတ်သက်ပြီး၊ အရှေ့မှာဖော်ပြထားသည့် သုတေသနစာတမ်းရေးနည်းကို လေ့လာနိုင်ပါသည်။

**စီနီယာများ၏ စကားသံ**

ပညာရေးအကြံပေးပုဂ္ဂိုလ်က ကျောင်းတက်ရောက်မှုဘဝကို ကူညီပေးနိုင်တာမို့လို့ အရမ်းကို အရေးပါလှပါတယ်။ စီနီယာတွေဆီကနေ၊ တတ်နိုင်သလောက် နည်းပြဆရာနဲ့ ပတ်သက်တဲ့သတင်းတွေကို ရယူကာ၊ ကိုယ်နဲ့ကိုက်ညီလားဆိုတာကို သေချာ သုံးသပ်ကြည့်ပါ။

## ၄(၁) ကျောင်းဝင်ခွင့်စာရွက်စာတမ်း

ဘွဲ့လွန်တက္ကသိုလ် ပုံမှန်အတန်းသို့ ကျောင်းဆက်လက်တက်ရောက်လိုပါက တိုက်ရိုက်၊ ပုံမှန်အတန်း၏ဝင်ခွင့်ကိုအဖြေရန် အသိအမှတ်ပြုသည့် ဘွဲ့လွန်တန်းရှိသလို၊ သုတေသန ကျောင်းသားအဆင့်ကို ကျော်ဖြတ်ပြီးမှ ဘွဲ့လွန်ပုံမှန်အတန်း တက်ရောက်ခြင်းအား ပိုအားပေးသော ဘွဲ့လွန်တက္ကသိုလ်လည်းရှိပါသည်။

① ကျောင်းဝင်ခွင့်လျှောက်လွှာ (ဘွဲ့လွန်တက္ကသိုလ် မှပြဌာန်းထားသည့်အရာ)
② တက္ကသိုလ် ပထမဘွဲ့သင်တန်းပြီးမြောက်ကြောင်း (ပြီးမြောက်ရန်ရှိကြောင်း) လက်မှတ်
③ မဟာဘွဲ့ဒီဂရီရရှိထားကြောင်း (ရရှိရန်ရှိကြောင်း) လက်မှတ် (ပါရဂူဘွဲ့သင်တန်းအတွက်)
④ နောက်ဆုံးတက်ရောက်ခဲ့သော ကျောင်း၏ဘာသာရပ်နှင့် ရမှတ်မှတ်တမ်း
⑤ ထောက်ခံစာ
⑥ မူရင်းတက္ကသိုလ်၏သုတေသန (ဘွဲ့ရ) စာတမ်း နှင့် ၎င်းစာတမ်းအကျဉ်းချုပ်
⑦ သုတေသနစီမံကိန်း
⑧ အခြား

ကျောင်းပေါ်မူတည်ပြီး တင်ပြရမည့် စာရွက်စာတမ်းများ ကွဲပြားသည့်အပြင်၊ ဂျပန်စာ (သို့) အင်္ဂလိပ်စာဖြင့် ဘာသာပြန်ဆိုခြင်းကို တောင်းဆိုခြင်းမျိုးလည်း ရှိသည့်အတွက် အသေးစိတ်ကို လျှောက်ထားလိုသော ကျောင်းသို့ တိုက်ရိုက် မေးမြန်းစုံစမ်းကြရအောင်။

## ၄(၂) ဝင်ခွင့်လျှောက်လွှာတင်သွင်းကာလ

နွေရာသီ မှ အောက်တိုဘာ ~ နိုဝင်ဘာ နှင့် ဇန်နဝါရီလများတွင် လျှောက်လွှာ တင်သွင်းရတတ်ပါသည်။ မည်သည့်ကာလတွင်လျှောက်လွှာတင်သွင်းစေကာ မူ ကျောင်းဝင်သည့် ကာလသည် ဧပြီလ ဖြစ်ပါသည်။ စက်တင်ဘာလ နှင့် အောက်တိုဘာလတို့တွင် ကျောင်းစဝင်ရသည့် ကျောင်းများလည်းရှိပါသည်။

## ၄(၃) ကျောင်းဝင်ခွင့်စာမေးပွဲ

အောက်ပါစစ်ဆေးနည်းများမှ အချို့စစ်ဆေးနည်းများကို တွဲဖက်ပြီး စစ်ဆေးရွေးချယ်မည်။ ဘွဲ့လွန်တက္ကသိုလ်အလိုက် စာမေးပွဲစစ်ဆေးနည်းမတူညီသောကြောင့် ဘွဲ့လွန်တက္ကသိုလ်၏ ဝက်ဘ်ဆိုက်တွင် လေ့လာပါ။

① စာရွက်စာတမ်းစိစစ်ရွေးချယ်ခြင်း (တင်ပြမည့်စာရွက်စာတမ်း)
② ပညာအရည်အချင်းစစ်ဆေးခြင်း (မေဂျာ သို့မဟုတ် အထူးပြုဘာသာရပ်၏ ရေးဖြေ စာမေးပွဲ
③ အင်တာဗျူး (အင်တာဗျူး သို့ အွန်လိုင်း)
④ စာတမ်းတို၊ စာစီစာကုံး
⑤ အထူးပြုဘာသာရပ်နှင့် သက်ဆိုင်သော နှုတ်ဖြေစာမေးပွဲ (အင်တာဗျူး သို့ ဖုန်းအင်တာဗျူး)

## ၅။ သုတေသနကျောင်းသားဆိုသည်မှာ -

သုတေသနကျောင်းသား ဟူသည် အောက်ဖော်ပြပါ အချိန်ပိုင်းကျောင်းသားများကို ခေါ်တွင်သည်။

① ဒီဂရီရရန် ရည်ရွယ်ချက်ဖြင့် မဟုတ်ဘဲ၊ ကာလတို သုတေသနလုပ်ရန်အတွက် စာရင်းသွင်းထားသူ (အထူးသဖြင့် ဘွဲ့လွန်တက္ကသိုလ်အဆင့်)

② တက္ကသိုလ်စသည်များအကြား အလဲအလှယ်သဘောတူညီချက် အစရှိသည်ကိုအခြေခံသည့် ကာလတိုနိုင်ငံတကာကျောင်းသားအဖြစ် စာရင်းသွင်းထားသူ (ဘွဲ့ကြို၊ ဘွဲ့လွန်)

③ ဘွဲ့လွန်တက္ကသိုလ် ပုံမှန်အတန်း၏ကျောင်းဝင်ခွင့်အတွက် ကြိုတင်ပြင်ဆင်မှုကာလအဖြစ် စာရင်းသွင်းထားသူ (အထူးသဖြင့် ဘွဲ့ကြို ကိုပြီးဆုံးထားသူ)

ကိုးကား - စာရွက်စာတမ်းစိစစ်ရွေးချယ်မှုဖြင့် ကျောင်းဝင်ခွင့်ပေးခြင်းကများပါသည်။

နေထိုင်ခွင့် အခြေအနေ - စာပို့ချချက်နားထောင်ရုံ သက်သက်ဖြစ်သော သုတေသနကျောင်းသားအဖြစ် " ကျောင်းသား " ဟူသော နေထိုင်ခွင့် ခွင့်ပြုချက် ရရှိရန်အတွက် သီတင်း(၁)ပတ်လျှင် (၁၀)နာရီနှင့်အထက် စာပို့ချချက်နားထောင်ရန်လိုအပ်သည်။ ထို့အပြင်၊ စာပို့ချချက်နားထောင်ခြင်းမျိုးမဟုတ်ဘဲ အခမဲ့အနေဖြင့် သုတေသနပြုလုပ်လိုသော သုတေသနကျောင်းသားသည် (ယဉ်ကျေးမှုဖလှယ်သည့်လုပ်ဆောင်မှု) ၏ နေထိုင်ခွင့် အရည်အချင်းလိုအပ်သည်။

## ၆။ သက်မွေးအတတ်ပညာ ဘွဲ့လွန်တက္ကသိုလ်ဆိုသည်မှာ -

အဆင့်မြင့် သက်မွေး အတတ်ပညာ ကျွမ်းကျင်မှုကို ပြင်ဆင်ပေးပြီး၊ လူမှုရေးနှင့် စီးပွားရေး နယ်ပယ်အလိုက် ခေါင်းဆောင်အဖြစ် ဦးစီးလုပ်ကိုင်နိုင်သည့် ကျွမ်းကျင်အတတ်ပညာရှင်များကို သင်ကြားပြုစု ပျိုးထောင်ပေးရန် ရည်ရွယ်သော သင်ရိုးညွှန်းတမ်းဖြစ်သည်။ စံအားဖြင့် ဥပဒေဆိုင်ရာ ကျွမ်းကျင်အတတ်ပညာရှင်များက ပြုစုပျိုးထောင်ပေးသော ဥပဒေဘွဲ့လွန်တက္ကသိုလ် နှင့် ကျောင်းဆရာများကို သင်ကြားမွေးထုတ်ပေးသော သင်ပြနည်း ဘွဲ့လွန်တက္ကသိုလ်၊ အခြားသော စီးပွားရေး / MOT နယ်ပယ်၊ စာရင်းကိုင်ပညာနယ်ပယ်၊ လူထုပေါ်လစီနယ်ပယ် စသည် ဆိုင်ရာသက်မွေးအတတ်ပညာ ဘွဲ့လွန်တက္ကသိုလ်များရှိသည်။ အင်္ဂလိပ်ဘာသာစကားဖြင့် သင်ယူနိုင်သော MBA လည်းရှိပါသည်။

## ၇။ ကျောင်းပြီးရန်အတွက်

| အတန်း | ဘွဲ့ | ပညာသင်ယူနှစ် | လိုအပ်သော ခရက်ဒစ် | မှတ်ချက် |
|---|---|---|---|---|
| ပါရဂူဘွဲ့တန်း | ပါရဂူဘွဲ့ | ၅နှစ် | ခရက်ဒစ်ပေါင်း (၃၀) ကျော်<br>(မဟာဘွဲ့တန်းတွင် ရရှိခဲ့သည့် ခရက်ဒစ် အပါအဝင်) | ပါရဂူဘွဲ့စာတန်းစိစစ် စစ်ဆေးခြင်း အောင်မြင်ရမည်။ |
| မဟာဘွဲ့တန်း | မဟာဘွဲ့ | ၂နှစ် | ခရက်ဒစ်ပေါင်း (၃၀) ကျော် | မဟာဘွဲ့စာတန်းစိစစ် စစ်ဆေးခြင်း အောင်မြင်ရမည်။ |
| ကျွမ်းကျင်ပညာရှင်များ ဆိုင်ရာ ဘွဲ့လွန်သင်တန်း | မဟာဘွဲ့ (ကျွမ်းကျင်ပညာရှင်) | ၂နှစ် | ခရက်ဒစ်ပေါင်း (၃၀) ကျော်<br>(ဥပဒေဘွဲ့လွန်တက္ကသိုလ် နှင့် ပညာသင်ကြားရေး ဘွဲ့လွန်တက္ကသိုလ်သည် လိုအပ်သည့် ခရက်ဒစ်များ ကွဲပြားခြားနားသည်။) | |
| | ဥပဒေပါရဂူဘွဲ့ (ကျွမ်းကျင်ပညာရှင်) | ၃နှစ် | | |
| | ပညာသင်ကြားရေးပါရဂူဘွဲ့ (ကျွမ်းကျင်ပညာရှင်) | ၂နှစ် | | |

※ ဘွဲ့လွန်တက္ကသိုလ် ပါရဂူဘွဲ့သင်တန်း ကို ပထမဆီမက်စ်တာသင်တန်း (၂)နှစ် နှင့် ဒုတိယဆီမက်စ်တာသင်တန်း (၃)နှစ် ဟူ၍ ခွဲထားတတ်သည်။

※ ပထမဘွဲ့သင်တန်း၏ သင်တန်းကာလ (၆)နှစ် ဖြစ်သော ဆေးပညာ၊ သွားဘက်ဆိုင်ရာပညာ၊ ဆေးဝါးပညာ၏သင်တန်းအချို့ နှင့် တိရိစ္ဆာန်ဆေးကုပညာအတွက် ပါရဂူဘွဲ့သင်တန်းမှာ (၄)နှစ်ဖြစ်သည်။





# အင်္ဂလိပ်ဘာသာဖြင့် ပို့ချသော ဘွဲ့သင်တန်း

ဂျပန်တက္ကသိုလ်တွေသည် နိုင်ငံတကာနှင့်ရင်ဘောင်တန်းလာသည်နှင့်အညီ တက္ကသိုလ်နှင့် ဘွဲ့လွန်တက္ကသိုလ်တွင် ဂျပန်စာသင်ယူရခြင်းဆိုသည့် အတားအဆီးမျိုး မရှိတော့ဘဲ " အင်္ဂလိပ်ဘာသာဖြင့် စာသင်ယူနိုင်ပြီး ဒီဂရီရရှိနိုင်သည့် ပရိုဂရမ် " ပေါ်ပေါက်လာပါသည်။ သို့ရာတွင် သက်မွေးပညာသင် ဥပစာ ကောလိပ်နှင့် အထူးပြုသင်တန်းကျောင်းတွင်မူ ထိုကဲ့သို့သော ပရိုဂရမ်မျိုးမရှိပါ။

## ၁။ ကျောင်းရှာကြရအောင် !

**အင်္ဂလိပ်ဘာသာဖြင့် ဒီဂရီရယူနိုင်သော ပရိုဂရမ်များ (JASSO)**
http://www.jasso.go.jp/ryugaku/study_j/search/daigakukensaku.html

**တက္ကသိုလ်၊ ကောလိပ်များရှာဖွေရန် (JAPAN STUDY SUPPORT)**
http://www.jpss.jp/ja/

အစ်ကို အကြံပေးချင်သည့် အချက်

**ဂျပန်စာ သင်ယူချင်တယ် !**

တက္ကသိုလ်ပေါ်မူတည်ပြီး နိုင်ငံတကာကျောင်းသားတွေ အတွက် ဂျပန်စာသင်ကြားမှုပရိုဂရမ်ကို လက်ခံတာလည်းရှိပါတယ်။ ဒါပေမယ့် ဒီဂရီကို အသိအမှတ်ပြုခြင်း၊ မပြုခြင်း စတဲ့ အခြေအနေများလည်းရှိပါတယ်။ ပြီးတော့ အထူးသင်တန်းကြေးမျိုး လိုအပ်တဲ့ အခြေအနေမျိုးလည်း ရှိတတ်ပါတယ်။

## ၂။ စာရွက်စာတမ်းဆန်းစစ်မှုလုပ်ရအောင် !

ပုံမှန်စာရွက်စာတမ်း (စာ - ၉၊ ၁၁ ကိုးကား) အပြင် အောက်ပါတို့ကို တင်ပြရန် လိုအပ်တတ်ပါသည်။

① အင်္ဂလိပ်စာအရည်အချင်းသက်သေခံစာရွက် (TOEFL®, IELTS စသည့် တရားဝင်စာမေးပွဲမှ အမှတ်စာရင်း သက်သေခံစာရွက်)

② ပညာအရည်အချင်းသက်သေခံစာရွက် (ဘွဲ့ကြိုဆိုပါက EJU, SAT မိမိနိုင်ငံ၏ အထက်တန်းကျောင်း အမှတ်စာရင်းစုစုပေါင်း စသည့် အမှတ်စာရင်းသက်သေခံစာရွက်)

စီနီယာများ၏ စကားသံ

အင်္ဂလိပ်ဘာသာနဲ့ ဒီဂရီရရှိနိုင်တဲ့ သင်တန်းကို တက်ရောက်တယ် ဆိုပေမယ့် လည်း ဂျပန်စာနေ့စဉ်သုံးစကားပြောနဲ့ဟီရာဂါန၊ ခါတကန ကိုလေ့လာထားရင် ဂျပန်မှာ နေထိုင်မှု အဆင်ပြေလွယ်ကူပါတယ်။ ပြီးတော့ အလုပ်ဝင်တဲ့အခါမှာလည်း အကျိုးရှိပါတယ်။

## ၃။ စိစစ်ရွေးချယ်မှုနည်းလမ်း

① စာရွက်စာတမ်းစိစစ်ရွေးချယ်ခြင်း ② အင်တာဗျူး (သင်နေထိုင်သည့်နိုင်ငံ၊ ဒေသ၌ အင်တာဗျူး၊ အွန်လိုင်းအင်တာဗျူး ③ အခြား

လိုအပ်သော အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု

| | TOEFL iBT | IELTS |
|---|---|---|
| ဘွဲ့လွန်တက္ကသိုလ် | 75 - 80 | 6 |
| တက္ကသိုလ် | 71 - 80 | 5.5 - 6 |

သင်တန်းအားလုံးတွင်ဖော်ပြထားသည့်
(အားလုံးကို အင်္ဂလိပ်ဘာသာဖြင့် သင်ယူနိုင်သည့်သင်တန်း) (ဘာသာစကားမပါ)
ရာခိုင်နှုန်းအမြင့်ဆုံး အကောင်းဆုံးတက္ကသိုလ် (၃)ခု

| အဆင့် | တက္ကသိုလ် | ရာခိုင်နှုန်း |
|---|---|---|
| ၁ | Akita International University (Akita Prefecture) | ၉၈.၀% |
| ၂ | Ritsumeikan Asia Pacific University (Oita Prefecture) | ၈၈.၉% |
| ၃ | Miyazaki International College (Miyazaki Prefecture) | ၄၀.၃% |

**Source :** Prefecture is added based on THE World University Ranking Japan version

အင်္ဂလိပ်ဘာသာဖြင့် ဒီဂရီရနိုင်သော သင်တန်းအရေအတွက်

| မေဂျာ | ဘွဲ့ကြို | ဘွဲ့လွန်တက္ကသိုလ် |
|---|---|---|
| Humanities | ၁၂ | ၁၅ |
| Social Science | ၁၁ | ၈၁ |
| Education | ၀ | ၄ |
| Science | ၈ | ၈၅ |
| Engineering | ၁၇ | ၂၆၅ |
| Agriculture, Fisheries and Veterinairian | ၃ | ၆၆ |
| Medical Care & Health Science | ၀ | ၆၂ |
| Science of Living | ၀ | ၀ |
| Art | ၀ | ၃ |
| Synthesis.Interdisciplinary | ၁၆ | ၆၅ |

**Source :** According to the Japan Student Services Organization (as of May 2017)

# ကာလတိုပညာသင်ခြင်းနှင့် ကျောင်းပြောင်းခြင်း

## ၁။ ကာလတိုပညာသင်ကြားမှုပရိုဂရမ်နှင့်ပတ်သက်ပြီး ဆန်းစစ်ကြည့်ရအောင် !

"ကာလတိုပညာသင်ကြားခြင်း" ဆိုသည်မှာ ပညာသင်ဘွဲ့ရရှိရန် မရည်ရွယ်ဘဲ ရက်သတ္တပတ်အနည်းငယ်မှ တစ်နှစ်အထိ ဂျပန်နိုင်ငံတွင် ပညာသင်ကြားခြင်းကို ဆိုလိုသည်။ သင်ကြားသည့် ဘာသာစကား - ဂျပန်ဘာသာ (သို့) အင်္ဂလိပ်ဘာသာ နှစ်မျိုးဖြင့် သင်ကြားလေ့ရှိပါသည်။

ပရိုဂရမ်ပုံစံ - နိုင်ငံခြားသားကျောင်းသားများအတွက် အထူးသင်တန်းများ စီစဥ်ခြင်းရှိသလို တက္ကသိုလ်၊ ဌာနခွဲများ၏ ပုံမှန်သင်တန်းများတွင် သင်ယူခြင်းလည်းရှိပါသည်။ ပုံစံအမျိုးမျိုးလည်း စီစဥ်ထားပါသည်။

ကာလတိုပညာသင်ကြားမှု ပရိုဂရမ်တွင် ထူးခြားမှု (၅)မျိုးကို အောက်ပါအတိုင်း ခွဲခြားထားပါသည်။

| | အကြောင်းအရာ | ခရက်ဒစ် | ကျောင်းစရိတ်ပေးချေရမည့်နေရာ | စုံစမ်းရန် |
|---|---|---|---|---|
| ① ကျောင်းသားဖလှယ်ခြင်း | ကျောင်းသားအချင်းချင်း ယဥ်ကျေးမှုဖလှယ်ရေးအတွက် ချိတ်ဆက်ထားသောတက္ကသိုလ်တွင် ပညာသင်ရမည့်စနစ်ဖြစ်သည်။ | ပညာသင်သွားရောက်မည့်ကျောင်းတွင် ရရှိနိုင်သည့်ခရက်ဒစ်မှာ၊ ယဥ်ကျေးမှုဖလှယ်မှုအတွက် သတ်မှတ်ထားသည့် တက်ရောက်မည့်ကျောင်း၏ ခရက်ဒစ်အဖြစ် ပုံမှန်အားဖြင့် အသိအမှတ်ပြုထားသည်။ | ပုံမှန်တက်ရောက်နေသည့်ကျောင်း(ပညာတော်သင်သွားရမည့်တက္ကသိုလ်၏ ကျောင်းစရိတ်ကင်းလွတ်သည်) | အမိနိုင်ငံရှိလက်ရှိတက်ရောက်နေသည့်ကျောင်း |
| ② ကျောင်းသားဖလှယ်ခြင်းမဟုတ်သည့် ပရိုဂရမ် | ကျောင်းသားအချင်းချင်း ယဥ်ကျေးမှုဖလှယ်ရေးအတွက် ချိတ်ဆက်ထားသည့်ကျောင်းမှ ကျောင်းသားမဟုတ်သူများလည်း ပါဝင်နိုင်သည့် ပရိုဂရမ်များလည်းရှိသည်။ ※ ၁ | ပရိုဂရမ်ပေါ်လိုက်ပြီး အဆင့်ယူနိုင်သလို မရယူနိုင်သည့်အခြေအနေ မျိုးလည်းရှိပါသည်။ | ပုံမှန်ပညာတော်သင်သွားမည့် ကျောင်း | ဂျပန်နိုင်ငံရှိ ပညာတော်သင်သွားမည့် တက္ကသိုလ် |
| ③ သုတေသနကျောင်းသား ※ ၂ | တက္ကသိုလ်ကျောင်းပြီးဆုံးသူဆိုပါက သုတေသနကျောင်းသား အနေဖြင့် ၆-လခန့် (သို့) ၁-နှစ် ဘွဲ့လွန်တက္ကသိုလ်ဖြင့် အထူးပြုသုတေသနလုပ်နိုင်သည့် စနစ်ဖြစ်သည်။ | မရရှိနိုင်ပါ။ | ပညာတော်သင်သွားမည့် ကျောင်း | ဂျပန်နိုင်ငံရှိ ပညာတော်သင်သွားမည့် တက္ကသိုလ် |
| ④ အထူးကျောင်းသား ※ ၂ | သင်ကြားမှုဘာသာရပ်အနေဖြင့် အထူးပြုဘာသာကို အဓိက ရည်ရွယ်ပြီး လုပ်ဆောင်ရမည့်စနစ်ဖြစ်သည်။ | မရရှိနိုင်ပါ။ | ပညာတော်သင်သွားမည့် ကျောင်း | ဂျပန်နိုင်ငံရှိ ပညာတော်သင်သွားမည့် တက္ကသိုလ် |
| ⑤ ဘာသာရပ်ဆိုင်ရာဘွဲ့ ကျောင်းသား ※ ၂ | သင်ကြားမှုဘာသာရပ်အနေဖြင့် အဆင့်ရရှိရန် အဓိကရည်ရွယ်လုပ်ဆောင်ရမည့်စနစ်ဖြစ်သည်။ | မရရှိနိုင်ပါ။ | ပညာတော်သင်သွားမည့် ကျောင်း | ဂျပန်နိုင်ငံရှိ ပညာတော်သင်သွားမည့် တက္ကသိုလ် |

※ ၁။ ကာလတိုပရိုဂရမ်ရှိသည့် တက္ကသိုလ် (JASSO)
http://www.jasso.go.jp/ryugaku/study_j/search/daigakukensaku.html

※ ၂။ အထူးသင်တန်းသားဖြစ်သော သုတေသနကျောင်းသားနှင့် အထူးကျောင်းသား၊ ဘာသာရပ်ဆိုင်ရာ ဘွဲ့ကျောင်းသား အနေဖြင့် နေထိုင်ခွင့်အရည်အချင်း (ပညာသင်ကျောင်းသား) ကို ရရှိဖို့အတွက် အထူးသဖြင့် (တစ်ပတ်တွင် ၁၀-နာရီ အထက် သင်ကြားမှုကိုနားထောင်ခြင်း) ရှိရမည်ဆိုသော ဥပဒေကို သတ်မှတ်ထားပါသည်။ ထို့အပြင် နားထောင်မှုတင်မကဘဲ အစမ်းအနေဖြင့် သုတေသနလုပ်ဆောင်နိုင်သည့် ကျောင်းသားတွင် (Culture Activity) ဆိုသည့် နေထိုင်ခွင့်အရည်အချင်းလိုအပ်ပါသည်။

**Q** ကာလတိုပညာသင်ကြားခြင်းအတွက် ပညာသင်ဆုရှိပါသလား။

**A** အောက်ပါပညာသင်ဆုများ ရှိပါသည်။

① **Japanese Government (Monbukagakusho : MEXT) Scholarship (Japanese - Japanese Culture Research Student)**
ရှိရမည့်အခြေအနေ - တက္ကသိုလ်တွင် ပညာသင်ယူနေဆဲ၊ ဂျပန်ဘာသာနှင့် ယဥ်ကျေးမှုဆိုင်ရာနယ်ပယ်ကို အထူးပြုယူထားသည့် ကျောင်းသား
လစဥ် ထောက်ပံ့ငွေ - 117,000 ယန်း
စုံစမ်းမေးမြန်းရန် - (၁) သံရုံးမှ ထောက်ခံသူ - အမိနိုင်ငံရှိ ဂျပန်သံရုံး (၂) တက္ကသိုလ်မှ ထောက်ခံသူ - မိမိတက်ရောက်နေသည့် တက္ကသိုလ်

② **Japan Student Service Organization (JASSO)** နိုင်ငံခြားပညာတော်သင်ထောက်ပံ့မှုစနစ် (သဘောတူညီလက်ခံပေးမှု) ပညာသင်ဆု
ရှိရမည့်အခြေအနေ - တက္ကသိုလ်အချင်းချင်း ယဥ်ကျေးမှုဖလှယ်ရန် လက်ခံသဘောတူထားသည့် ပညာတော်သင်ကျောင်းသား
လစဥ် ထောက်ပံ့ငွေ - 80,000 ယန်း
စုံစမ်းမေးမြန်းရန် - အမိနိုင်ငံရှိ လက်ရှိတက်ရောက်နေသည့်ကျောင်း

အထက်ပါနေရာများအပြင်၊ ကျောင်းနှင့်အဖွဲ့အစည်းအမျိုးမျိုးမှ ပညာတော်သင်ဆုများကို ထောက်ပံ့ခြင်းမျိုးရှိသောကြောင့် တက်ရောက်မည့် တက္ကသိုလ် ၌ စုံစမ်းမေးမြန်းကြည့်ပါရန်။

## ၂။ အခြားတက္ကသိုလ် သို့ ကျောင်းပြောင်းခြင်း

ကျောင်းပြောင်းစနစ်ရှိသော တက္ကသိုလ်မှာ အများအပြားရှိသော်လည်း လက်တွေ့အခြေအနေမှာ အောက်ပါအတိုင်း အမျိုးမျိုးအထွေထွေ ဖြစ်သည်။

- နှစ်စဥ်ပြုလုပ်မည်ဟု သေချာပေါက်မဆိုနိုင်ပါ။
- အားလုံးသောဌာန၊ သင်တန်းများတွင် ပြုလုပ်မည်ဟု သေချာပေါက်မဆိုနိုင်ပါ။
- ယခင်တက်ရောက်ပြီးမြောက်ထားသော စာသင်နှစ်အရေအတွက်နှင့် ရရှိထားသော ခရက်ဒစ်များကို ရှိရင်းအတိုင်း လက်ခံမည်ဟု သေချာပေါက်မဆိုနိုင်ပါ။

အခြားတက္ကသိုလ် (ဌာန) သို့ ကျောင်းပြောင်းရန်အတွက် အောက်ပါအရည်အချင်းများမှ တစ်ခုခု ပြည့်မီရန်လိုအပ်ပါသည်။

- ကောလိပ်ပြီးမြောက်ထားသူ၊ နည်းပညာကောလိပ် ပြီးမြောက်ထားသူ၊ ဒီပလိုမာရှိသူ (အသက်မွေးဝမ်းကျောင်းပြီးမြောက်ထားသူ)၊ ဘာသာရပ်တစ်ခုခု၏ အထူးပြုအထက်တန်းပြီးမြောက်ထားသူ
- တက္ကသိုလ်ကို တစ်နှစ်ထက်ပိုမိုတက်ရောက်ထားပြီး သတ်မှတ်ထားသော သင်ရိုးများကို အောင်မြင်ထားသူ၊ တက္ကသိုလ်ကို (၄)နှစ် တက်ရောက်ပြီးပြီးမြောက်ထားသူ

ဝင်ခွင့်စာမေးပွဲဆိုင်ရာ အချက်အလက်များထက် အခြားတက္ကသိုလ်သို့ ကျောင်းပြောင်းခြင်းဆိုင်ရာ အချက်အလက်သည် နည်းပါးသောကြောင့် အသေးစိတ်ကို မိမိတက်လိုသည့် တက္ကသိုလ်၌ ဆောလျင်စွာ စုံစမ်းမေးမြန်းပါ။

ကျောင်းပြောင်းမှုစနစ်ရှိသည့် တက္ကသိုလ်များ ရှာဖွေရန် (JASSO)

http://www.jasso.go.jp/ryugaku/study_j/search/daigakukensaku.html

# နည်းပညာ (ဥပစာကောလိပ်)

သက်မွေးပညာအထက်တန်းကျောင်းဆိုသည်မှာ " နည်းပညာကောလိပ် Kosen " ဟု ခေါ်ဆိုသည့် အဆင့်မြင့်ပညာရေးအဖွဲ့အစည်းဖြစ်ပါသည်။ အလယ်တန်း အဆင့် ပြီးမြောက်အောင်မြင်ပြီးနောက် (၅)နှစ် (ကုန်သွယ်မှုရေကြောင်းနှင့်ဆက်စပ်သည့် ဘာသာရပ်အတွက်မှ (၅)နှစ်ခွဲ) သတ်မှတ်ထားသည့် တသမတ်တည်းသော ပညာရေးဖြစ်သည်။ ပုံမှန်အားဖြင့် နိုင်ငံခြားကျောင်းသားများသည် တတိယနှစ်တွင် ကျောင်းဝင်လေ့ရှိသည်။ အစိုးရကျောင်းများအပြင်၊ အများပြည်သူနှင့် ပုဂ္ဂလိက နည်းပညာပိုင်းဆိုင်ရာကောလိပ်ကျောင်းများလည်းရှိပါသည်။

## ၁။ ပညာရေး၏ထူးခြားလက္ခဏာများ

- အဆင့်မြင့် သီအိုရီများကို အခြေခံပြီး စမ်းသပ်သုတေသနပြုခြင်း၊ လက်တွေ့အသုံးချခြင်း၊ လေ့လာကျင့်သုံးခြင်းများကို အထူးပြု လုပ်ဆောင်သော ပညာသင်ကြားမှုဖြင့် ကမ္ဘာ့အဆင့် နည်းပညာများကို သင်ယူကာ၊ နောက်ဆုံးပေါ် သိပ္ပံနည်းပညာကို ချက်ချင်း ကိုင်တွယ်လုပ်ဆောင်နိုင်သည့် လက်တွေ့ကျသည့် နည်းပညာရှင်များကို လေ့ကျင့်ပျိုးထောင်ပေးရာ အဖွဲ့အစည်းဖြစ်သည်။
- သင်တန်းဌာနအများစုသည် စက်မှုလုပ်ငန်းဘာသာရပ်ဖြစ်ပြီး၊ ၎င်းအပြင် သင်္ဘောသားများကို မွေးထုတ်ပေးသော ကုန်သွယ်မှုရေကြောင်းဌာနလည်း ရှိသည်။
- (၅)နှစ်သင်တန်းကို ပြီးမြောက်သူသည် တွဲဖက်ဒီဂရီဘွဲ့ကို ရရှိနိုင်သည်။
- (၅)နှစ်ကြာပညာရေးသင်တန်းအပြင် ပိုမိုအဆင့်မြင့်သော (၂)နှစ်ကြာ အဆင့်မြင့်သင်တန်းကိုလည်းပို့ချပေးသည်။
- အဆင့်မြင့်သင်တန်းကို ပြီးမြောက်သူသည် ပညာရေးဘွဲ့နှင့် တက္ကသိုလ်အကဲဖြတ် အမျိုးသားအဖွဲ့အစည်း၏ စစ်ဆေးမှုကို အောင်မြင်ပါက တက္ကသိုလ်ပထမဘွဲ့ကို ရရှိနိုင်သည်။

## ၂။ ကျောင်းပြောင်းတက်ရန်လိုအပ်သောအရည်အချင်း

အောက်ပါအရည်အချင်းတစ်ခုခုပြည့်မီနေရန် လိုအပ်သည်။

① နိုင်ငံခြားတွင် ကျောင်းပညာရေး (၁၁)တန်းအထိ ပြီးမြောက်ထားသူ

② နိုင်ငံခြားတွင် ကျောင်းပညာရေး (၁၁)တန်းအထိ ပြီးမြောက်ခြင်းနှင့် ညီမျှသော ပညာအရည်အချင်းစစ်စာမေးပွဲကို အောင်မြင်ထားသူ

③ ဂျပန်နိုင်ငံတွင် နိုင်ငံခြားအထက်တန်းကျောင်းနှင့်ညီမျှသည်ဟု သတ်မှတ်ထားသော နိုင်ငံခြားသားကျောင်းကို အောင်မြင်ထားသူ

④ International Baccalaureate Diploma, German Abiture Diploma, French Baccalaureate Diploma ကို ကိုင်ဆောင်ထားသူ

⑤ နိုင်ငံတကာ အကဲဖြတ်အဖွဲ့များ (WASC, CIS, ACSI) အသိအမှတ်ပြုထားသည့် ဂျပန်နိုင်ငံရှိ နိုင်ငံခြားကျောင်းတွင် (၁၁)တန်း အထိ ပြီးမြောက်ထားသူ

⑥ အထက်တန်းကျောင်းပြီးအဆင့် အသိအမှတ်ပြုစာမေးပွဲအား အောင်မြင်ထားသူ

⑦ အထက်ပါအရည်အချင်းများအပြင် ပညာရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် အခြား နည်းပညာကောလိပ်ကျောင်းပြောင်းဝင်ခွင့် အရည်အချင်းတစ်ခုခုကို ပြည့်မီသူ

## ၃(၁) ပညာသင်ဆုဖြင့် သွားမည်ဆိုပါက

Japanese Government (Monbukagakusho : MEXT) Scholarship
နည်းပညာဥပစာကျောင်းသား
စုံစမ်းရန် – မိမိနိုင်ငံရှိ ဂျပန်အစိုးရရုံး

## ၃(၂) မိမိစရိတ်ဖြင့်သွားမည်ဆိုပါက

### ၁။ လျှောက်လွှာစာရွက်စာတမ်းများ

National Institute of Technology တွင် နိုင်ငံတစ်ဝှမ်းရှိ နည်းပညာဥပစာကောလိပ်များ၏ ပူးတွဲရွေးချယ်မှု စာမေးပွဲကို ပြုလုပ်သောကြောင့် လျှောက်လွှာစာရွက်စာတမ်းများမှာ တစ်သမတ်တည်းဖြစ်သည်။ အသေးစိတ်ကို National Institute of Technology ၏ဝက်ဘ်ဆိုက်တွင် လေ့လာနိုင်သည်။

### ၂။ ကျောင်းဝင်ခွင့်စာမေးပွဲ

(Kosen) ခိုးစန်းအဖွဲ့အစည်းတွင် အောက်ပါအကြောင်းအရာများကို ခြုံငုံအကဲဖြတ်ပြီး အောင်၊ မအောင် ကို ဆုံးဖြတ်သည်။

① လျှောက်လွှာစာရွက်စာတမ်း

② ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ EJU ရလဒ်

③ TOEFL®, IELTS, TOEIC® တစ်ခုမဟုတ်တစ်ခု၏ရမှတ်

④ အင်တာဗျူးဖြင့် အကဲဖြတ်ခြင်း

ဂျပန်နိုင်ငံတွင် အင်တာဗျူးဖြေဆိုရမည်။

နည်းပညာဥပစာကောလိပ်ကျောင်းသွားတက်လိုသူများအတွက် –
[Center for International Exchange, National Institute of Technology]

http://ciex.kosen-k.go.jp/menuIndex.jsp?id=32333&menuid=7703&funcid=28

## ၄။ ကျောင်းပြီးပြီးနောက် ရွေးချယ်ရမည့်လမ်း

Kosen ကို ပြီးမြောက်သူသည် ကျောင်းဆက်တက်နိုင်သလို ကုမ္ပဏီတွင် အလုပ်ဝင်လုပ်နိုင်သည်။ နိုင်ငံခြားကျောင်းသားအများစုသည် အစိုးရတက္ကသိုလ်ကို ဆက်တက်ကြသည်။



# သက်မွေးပညာသင် (ဥပစာကောလိပ်)
# (အထူးပြုသင်တန်းကျောင်း အထူးပြုသင်တန်း)

အထူးပြုသင်တန်းကျောင်းများအနက် အထူးပြုသင်တန်းများပို့ချပေးသော အဆင့်မြင့်ပညာရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ သက်မွေးပညာသင် ဥပစာကောလိပ် ဟု ခေါ်တွင်သည်။ အလုပ်အကိုင်နှင့် လက်တွေ့နေထိုင်ရေးအတွက် လိုအပ်သောအသိပညာ၊ နည်းပညာနှင့် ကျွမ်းကျင်မှု ကို သင်ယူပြီး အသိပညာတိုးတက်မှုကို ရည်ရွယ်သော ပညာရေးအဖွဲ့အစည်းဖြစ်သည်။ " ဒီပလိုမာ " ရရှိနိုင်သည့် သင်တန်းကာလ (၂)နှစ်အထက်ရှိသော အတန်းအပြင်၊ ပို၍အဆင့်မြင့်သော အလုပ်ကို မျှော်မှန်းနိုင်သည့် " အဆင့်မြင့်ဒီပလိုမာ " ကို ရရှိနိုင်သည့် သင်တန်းကာလ (၄)နှစ်အထက်ရှိသော အတန်းလည်းရှိပါသည်။

## ၁။ ထူးခြားသည့်ပညာရေးလက္ခဏာဆိုသည်မှာ အဘယ်နည်း။

သက်မွေးပညာသင်ဥပစာကောလိပ်သည် (၁) ဆေးဝါးကုသမှု (၂) စက်မှုလုပ်ငန်း (၃) ယဉ်ကျေးမှု နှင့် ပညာရေး (၄) ကုန်သွယ်မှုအလေ့အကျင့် (၅) ကျန်းမာရေး (၆) ပညာရေးနှင့် လူမှုဖူလုံရေး (၇) အဝတ်အထည်နှင့် အိမ်မှုစီးပွားသင်တန်း (၈) လယ်ယာလုပ်ငန်း ဟူ၍ အမျိုးအစားကြီး (၈)ခု ခွဲ ခွဲခြားထားပါသည်။ ဥပမာအားဖြင့် အောက်ပါလုပ်ငန်းများတွင် လုပ်ကိုင်နိုင်ဖို့အတွက် လိုအပ်သောလေ့ကျင့်မှုကို ပြုလုပ်နိုင်ပါသည်။ အတွင်းပိုင်းအလှပြင်ဆင်သူ၊ ဗိသုကာပညာရှင်၊ System Engineer ၊ ကားပြင်ဆင်သူ၊ သူနာပြု၊ အာဟာရသုတေသီ၊ စားဖိုမှူး၊ မုန့်ဖုတ်သူ၊ အလှဖန်တီးရှင်၊ တရားဝင်အသိအမှတ်ပြု စာရင်းကိုင်၊ စကားပြန်နှင့်ဘာသာပြန်၊ လေယာဉ်မယ်၊ ဟိုတယ်ဝန်ထမ်း၊ နေ့ကလေးထိန်းဆရာမ၊ အိမ်အကူ၊ ဖက်ရှင်ဒီဇိုင်နာ၊ Animator ၊ ရုပ်ရှင်ဒါရိုက်တာ၊ ပြဇာတ်ဆရာ၊ ဂိမ်းဖန်တီးသူ၊ လက်ဝတ်ရတနာဒီဇိုင်နာ စသည်တို့ဖြစ်သည်။

## ၂။ လိုအပ်သည့်ဂျပန်စာအရည်အချင်း

သက်မွေးပညာသင်ဥပစာကောလိပ်များသည် ဂျပန်ဘာသာဖြင့်ပို့ချခြင်းကြောင့် ဂျပန်ဘာသာအရည်အချင်းလိုအပ်ပါသည်။ အောက်ဖော်ပြပါ အရည်အချင်း တစ်ခုမဟုတ် တစ်ခုနှင့် ပြည့်မီရန်လိုအပ်သည်။

① တရားဥပဒေရေးရာဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဂျပန်စာသင်ကြားမှုအဖွဲ့အစည်းတွင် (၆)လနှင့်အထက် ဂျပန်စာတက်ရောက်သင်ယူထားသူ

② Japan Educational Exchanges and Services နှင့် Japan Foundation မှ ကျင်းပပြုလုပ်ပေးနေသော Japanese Language Proficiency Test (JLPT) ၏ N1 (သို့) N2 ကို အောင်မြင်ထားသူ

③ ဂျပန်နိုင်ငံ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းများတွင် (၁)နှစ်နှင့်အထက် တက်ရောက်ထားသူ

④ ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ EJU ဂျပန်စာဘာသာရပ် (စာဖတ်မှု နားလည်နိုင်စွမ်း နှင့် နားထောင်မှု နားလည်နိုင်စွမ်း၊ စာဖတ်နားထောင်မှု နားလည်နိုင်စွမ်းတွင် စုစုပေါင်း) အမှတ် ၂၀၀ နှင့်အထက် ရထားသူ

⑤ Japan Kanji Aptitude Testing Foundation မှ ကျင်းပပြုလုပ်ပေးလျက်ရှိသော BJT လုပ်ငန်းသုံးဂျပန်ဘာသာ အရည်အချင်းစစ်စာမေးပွဲတွင် အမှတ် (၄၀၀) နှင့် အထက် ရထားသူ

## ၃။ ဝင်ခွင့်အရည်အချင်း

အောက်ပါအရည်အချင်း တစ်ခုခုကို ပြည့်မီနေရန် လိုအပ်သည်။

① နိုင်ငံခြားတွင် ကျောင်းပညာရေး (၁၂)တန်းအထိ ပြီးမြောက်ထားသူ

② နိုင်ငံခြားတွင် ကျောင်းပညာရေး (၁၂)တန်းအထိ ပြီးမြောက်ခြင်းနှင့်ညီမျှသော ပညာအရည်အချင်းစစ်စာမေးပွဲကို အောင်မြင်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ

③ ဂျပန်နိုင်ငံတွင် နိုင်ငံခြားအထက်တန်းကျောင်းနှင့်ညီမျှသည်ဟု သတ်မှတ်ထားသော နိုင်ငံခြားကျောင်းကို ပြီးမြောက်ပြီး အသက်(၁၈)နှစ် ပြည့်ပြီးသူ

④ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မှ သတ်မှတ်ထားသော ပညာသင်နှစ်အရေအတွက် (၁၁)နှစ် ပြီးဆုံးသူ

⑤ International Baccalaureate Diploma, German Abiture Diploma, French Baccalaureate Diploma ကို ကိုင်ဆောင်ထားပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ

⑥ နိုင်ငံတကာ အကဲဖြတ်အဖွဲ့များ (WASC, CIS, ACSI) အသိအမှတ်ပြုထားသည့် ဂျပန်နိုင်ငံရှိ နိုင်ငံခြားကျောင်းမှ ဖွင့်လှစ်ထားသော သင်တန်းကို (၁၂)တန်းအထိ အောင်မြင်ပြီး အသက် (၁၈)နှစ်ပြည့်ပြီးသူ

⑦ အထက်တန်းအဆင့်ရှိသော စာမေးပွဲကို ဖြေဆိုအောင်မြင်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ

⑧ ကျောင်းတွင်သီးခြားစစ်ဆေးသော ကျောင်းဝင်ခွင့်အရည်အချင်းစစ်ဆေးမှုအရ အထက်တန်းကျောင်းကို အောင်မြင်ပြီးသူနှင့်ညီမျှသော ပညာအရည်အချင်းရှိသည်ဟု အသိအမှတ်ပြုခံရသူဖြစ်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ

⑨ အထက်ပါအရည်အချင်းများအပြင် ကျောင်းပညာရေးဥပဒေတွင် ပြဌာန်းထားသည့် အခြားဝင်ခွင့်အရည်အချင်း တစ်ခုခုကိုပြည့်မီသူ

※ ① မှ ③ အထိ နှင့်ပတ်သက်၍ ပညာသင်နှစ် (၁၂)တန်းအောက် ဖြစ်ပါက အသိအမှတ်ပြုထားသော ပညာရေးကြိုတင်ပြင်ဆင်မှုသင်တန်း သို့မဟုတ် လေ့ကျင့်ရေး ကျောင်းသင်တန်း စသည်ကို ပြီးမြောက်ထားရန် လိုအပ်သည်။

## ၄။ ကျောင်းရှာဖွေရအောင် !

| သက်မွေးပညာသင်ဥပစာကောလိပ် | ရွေးချယ်ရန်အဓိကအချက်များ! |
|---|---|
| ① တရားဝင်ခွင့်ပြုထားသောကျောင်း | တရားစီရင်ပိုင်ခွင့်ရှိသော စီရင်စုပြည်နယ် အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်ရကျောင်းဖြစ်ပါသလား။<br>တရားဝင်ခွင့်ပြုထားခြင်းမရှိသော ကျောင်းမှ " ဒီပလိုမာဘွဲ့ " မရရှိနိုင်ပါ။ |
| ② သင်ကြားမှုအကြောင်းအရာ၊ ဆရာဦးရေ | သင်ရိုးညွှန်းတမ်းမှာ မည်သို့နည်း။ ကျောင်းသားအရေအတွက်နှင့် ဆရာအရေအတွက် အချိုးမှာ မည်သို့နည်း။ |
| ③ ပံ့ပိုးမှုအင်္ဂါရပ်၊ ပစ္စည်းကိရိယာ | နည်းပညာအစရှိသည်ကို သင်ယူလေ့လာနိုင်သည့် ပံ့ပိုးမှုအင်္ဂါရပ်များနှင့် ပစ္စည်းကိရိယာများ စုံလင်စွာရှိပါသလား။<br>ဓာတ်ပုံနှင့် စာရွက်စာတမ်းများအထောက်အထားများဖြင့် သေချာဆန်းစစ်ကြည့်ရအောင်။ |
| ④ အလုပ်အကိုင်ရရှိရေးလမ်းညွှန်မှုစနစ်၊<br>ကျောင်းပြီးသူအတွက် ရှေ့ဆက်ရမည့်လမ်း | အလုပ်အကိုင်ရရှိရေးအတွက် လမ်းညွှန်ချက်မှာ မည်သို့နည်း။ ကျောင်းပြီးသူအတွက် အလုပ်အကိုင်မှာ မည်သို့နည်း။ |
| ⑤ ကျောင်းလခ | ပထမကျောင်းလခ မှာ ? ကျောင်းပြီးသည်ထိ စုစုပေါင်း ကုန်ကျစရိတ် ? ဘယ်အချိန်တွင် ပေးရမလဲ ? |
| ⑥ ပတ်ဝန်းကျင်ဂုဏ်သတင်း | ကျောင်းပြီးသူနှင့် နိုင်ငံတကာကျောင်းသားများ၏ ချိတ်ဆက်မှုကွန်ရက်စသည်ကို အသုံးပြုကြရအောင်။ |

**အသက်မွေးပညာကျောင်းများရှာဖွေရန်**

National Association of Vocational School of Japan http://www.zensenkaku.gr.jp/association/index.html

Metropolitan Tokyo Professional institution Association https://tsk.or.jp

**နိုင်ငံခြားကျောင်းသားအား ဝင်ခွင့်ပေးသည့် အသက်မွေးပညာသင်ကျောင်းများစာရင်း** (Association for Technical & Career Education)

http://www.sgec.or.jp/ryuugakuguide/

## ၅။ လျှောက်ထားရန်လိုအပ်သောစာရွက်စာတမ်းများ

① ကျောင်းဝင်ခွင့်လျှောက်လွှာ (ကျောင်းမှပြဌာန်းသည့်ပုံစံ)

② အထက်တန်းကျောင်းအောင်လက်မှတ်

③ နောက်ဆုံးတက်ရောက်သောကျောင်း၏ ဘာသာရပ်နှင့် ရမှတ်မှတ်တမ်း

④ ဂျပန်စာသင်ကြားမှုအဖွဲ့အစည်းတွင် တက်ရောက်မှု၊ ဘာသာရပ်နှင့် ရမှတ်မှတ်တမ်း (ဂျပန်နိုင်ငံတွင်းနေထိုင်ပါက)

⑤ ဂျပန်ဘာသာအရည်အချင်းလက်မှတ် (ဂျပန်နိုင်ငံပြင်ပတွင်နေထိုင်ပါက)

⑥ အခြား

ကျောင်းအလိုက်တင်ပြရမည့် စာရွက်စာတမ်းများ ကွဲပြားသလို အင်္ဂလိပ် (သို့မဟုတ်) ဂျပန်ဘာသာဖြင့် ဘာသာပြန်ဆိုထားဖို့ တောင်းဆိုခြင်းလည်းရှိနိုင်သည့်အတွက် အသေးစိတ်ကို လျှောက်ထားလိုသောကျောင်းသို့ တိုက်ရိုက်မေးမြန်းစုံစမ်းပါ။

> **အဓိကအကြံပေး ချင်သည့်အချက်** — **ကျောင်းပြီးမည့်အချက်စစ်ဆေးမှု**
>
> ဒီပလိုမာရနိုင်သည့် အတန်းဟုတ်၊ မဟုတ် ကျောင်းမှာ စစ်ဆေးကြည့်ကြရအောင်။

## ၆။ ကျောင်းဝင်ခွင့်စာမေးပွဲ

(၁) စာရွက်စာတမ်း စိစစ်ရွေးချယ်ခြင်း၊ (၂) ပညာအရည်အချင်းစစ်ဆေးခြင်း၊ (၃) အင်တာဗျူး၊ (၄) စာစီစာကုံး၊ (၅) ပင်ကိုယ်စွမ်းရည်စစ်ဆေးခြင်း၊ (၆) လက်တွေ့ကျွမ်းကျင်မှုစစ်ဆေးခြင်း၊ (၇) ဂျပန်စာစာမေးပွဲ စသည်များမှ အချို့စစ်ဆေးနည်းများကို တွဲဖက်၍ စစ်ဆေးပါသည်။

ဝင်ခွင့်စာမေးပွဲတွင် မည်သည့်အသက်မွေးပညာရပ်မဆို (၁) ကျောင်းတက်သည့်ရည်ရွယ်ချက် (၂) ကျောင်းစာလိုက်နိုင်သည့် ဂျပန်ဘာသာအရည်အချင်းနှင့် ပညာအရည်အချင်းရှိ/မရှိ (၃) ပညာသင်ကြားချင်သော စိတ်ဓာတ်ကို အဓိကထားပြီး စစ်ဆေးပါသည်။

## ၇။ ဘွဲ့ရ၊ ကျောင်းပြီးရန်အတွက်

| စဉ် | ဒီပလိုမာ | အဆင့်မြင့်ဒီပလိုမာ |
|---|---|---|
| ① သင်တန်းကာလ | (၂)နှစ်နှင့်အထက် | (၄)နှစ်နှင့်အထက် |
| ② သင်တန်းအချိန် | နာရီ (၁,၇၀၀) နှင့်အထက် | နာရီ (၃,၄၀၀) နှင့်အထက် |
| ③ ပြီးမြောက်ကြောင်း အသိအမှတ်ပြုခြင်း | စာမေးပွဲစသည့်ဖြင့် ရမှတ်ကိုအကဲဖြတ်ပြီး သင်တန်းပြီးမြောက်ကြောင်း အသိအမှတ်ပြုသည် | |
| ④ သင်တန်းဖွဲ့စည်းတည်ဆောက်ပုံ | - | သင်ရိုးညွှန်းတမ်းကို စနစ်တကျ ဖွဲ့စည်းတည်ဆောက်ခြင်း |
| ⑤ ကျောင်းပြီးသည့်နောက်ပိုင်း | " ဒီပလိုမာ " ရရှိပါက တက္ကသိုလ်ပြောင်းလဲမှုအား အသိအမှတ်ပြုသည်။ | " အဆင့်မြင့်ဒီပလိုမာ " ရရှိပါက ဘွဲ့လွန်တက္ကသိုလ်သို့ ကျောင်းဝင်ခွင့်အရည်အချင်းရှိသည်ဟု အသိအမှတ်ပြုသည်။ |

# ဂျပန်စာသင်ကြားမှုအဖွဲ့အစည်းများ

နိုင်ငံခြားသားများအတွက် ရည်ရွယ်သော ဂျပန်စာသင်ကြားမှုအဖွဲ့အစည်းဖြစ်သည်။ ဂျပန်နိုင်ငံ၏ အထက်တန်းပညာရေးအဖွဲ့အစည်းတွင် အခြေခံအားဖြင့် မေဂျာအတော်တော်များများနှင့် ပတ်သက်ပြီး ဂျပန်ဘာသာဖြင့် စာသင်ကြားပေးပါသည်။ ကျောင်း၏ စာသင်ချိန်များတွင် စာလိုက်နိုင်ဖို့အတွက် ဂျပန်စာအရည်အချင်းအနေဖြင့် ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ N1 သို့ N2 အဆင့်လောက်လိုအပ်ပါသည်။ ယင်းကို နာရီ (၆၀၀) မှ နာရီ (၉၀၀) အထက် စာလေ့လာမှုဟုလည်း ပြောနိုင်ပါသည်။ ပတ်ဝန်းကျင်နှင့် ကူညီပေးမှုပေါ် မူတည်သော်လည်း ဂျပန်၌ အစွမ်းကုန်လေ့လာလျှင်တောင် တစ်နှစ် (သို့) နှစ်နှစ် ခန့် လေ့လာရန်လိုအပ်ပါသည်။

**အဓိက အကြံပေးချင်သည့်အချက်**

**အင်္ဂလိပ်ဘာသာဖြင့် သင်ယူနိုင်သည့် အတန်းမရှိဘူးလား ?**

အင်္ဂလိပ်ဘာသာဖြင့် သင်ယူနိုင်သော အတန်းလည်းတိုးလာပါသည်။(စာ-၁၃ ၊ အင်္ဂလိပ်ဘာသာဖြင့် ဒီဂရီရရှိနိုင်သည့် အတန်း ကိုးကားချက်)

အင်္ဂလိပ်ဘာသာဖြင့် ဒီဂရီရရှိနိုင်သည့် အတန်း (JASSO)
http://www.jasso.go.jp/ryugaku/study_j/search/daigakukensaku.html

## ၁။ အမျိုးအစားနှင့်အရေအတွက်

ဂျပန်ဘာသာစကား လေ့လာရန် ကာလမှာ အစီအစဉ်ရေးဆွဲသူ၊ ရည်ရွယ်ချက်၊ ကျောင်းဝင်ခွင့်စသည့်အပေါ်မူတည်ပြီး အောက်ပါအတိုင်းအမျိုးအစားခွဲခြားထားကာ၊ နေထိုင်ခွင့်အရည်အချင်းနှင့် ကျောင်းအရေအတွက်၊ ကျောင်းသားအရေအတွက် တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | ဂျပန်ဘာသာစကားသင်ကျောင်း | | နိုင်ငံပိုင်တက္ကသိုလ်၊ ကောလိပ်၏အထူးပြုကျောင်း၊ (ဂျပန်ဘာသာစကားအထူးပြုကျောင်း) *၄ |
|---|---|---|---|
| ကြီးကြပ်ကွပ်ကဲသူ | ကျောင်းအဖွဲ့အစည်း (အထူးပြုသင်တန်းကျောင်း၊ အထွေထွေကျောင်း)၊ အများပြည်သူ ဆိုင်ရာပေါင်းစပ်အဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း၊ တစ်ဦးချင်းစသည် | | နိုင်ငံပိုင်တက္ကသိုလ်၊ ကောလိပ် |
| ရည်ရွယ်ချက် | ① ဂျပန်စာသင်ယူရန် *၁<br>② ကျောင်းဆက်တက်ရန် အတွက် ဂျပန်စာသင်ယူရန် | ② ကျောင်းဆက်တက်ရန်အတွက် ဂျပန်စာသင်ယူရန် | ① ဂျပန်စာသင်ယူရန်<br>② ကျောင်းဆက်တက်ရန်အတွက် ဂျပန်စာသင်ယူရန် |
| ကျောင်းဝင်ခွင့် အရည်အချင်း | ပညာသင်နှစ် (၁၂) နှစ်ပြည့်ပြီးသူ | ပညာသင်နှစ် (၁၂) နှစ်မပြည့်သေးသူ *၂ | A. ပညာသင်နှစ် (၁၂) နှစ်ပြည့်ပြီးသူ |
| အရေအတွက် | 487 | 25 | 59 |
| သင်တန်းကာလ | ၁နှစ် မှ ၂နှစ် (ပုံမှန်) | | ၁နှစ် မှ ၂နှစ် (ပုံမှန်) |
| နေထိုင်ခွင့် အရည်အချင်း | ကျောင်းသား *၃ | | ကျောင်းသား |
| နေထိုင်ခွင့်ပြုသည့် အရေအတွက် | 81,878 ဦး | | ပျမ်းမျှ 5,400 ဦး |

*၁ နေထိုင်မှုအတွက် လိုအပ်သည့်ဂျပန်စာနှင့် စီးပွားရေးလုပ်ငန်းသုံး ဂျပန်စာကို လေ့လာနိုင်သည့်အတန်းဖြစ်သည်။

*၂ မိမိနိုင်ငံ၏ပညာရေးစနစ်ပေါ်မူတည်ပြီး၊ တရားဝင်ကျောင်းပညာရေး (မူလတန်း ၊ အလယ်တန်း ၊ အထက်တန်း) ပညာရေးတွင် (၁၂)နှစ်မပြည့်သူဖြစ်ကာ၊ နောက်ဆုံးပညာရေးမှတ်တမ်း တွင် အထက်တန်းအောင်ပြီး သတ်မှတ်ထားသည့်ဘာသာရပ်ကို သင်ယူလေ့လာခြင်းမရှိပါက ဂျပန်တက္ကသိုလ်ဝင်ခွင့်ရရန် အရည်အချင်းပြည့်မီခြင်းမရှိပါ။ ထိုသို့ဖြစ်ပါက၊ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် တက္ကသိုလ်ပညာရေးကြိုတင်ပြင်ဆင်မှုသင်တန်းကို ပြီးဆုံးပြီး၊ အသက်(၁၈) နှစ်ပြည့်ပါက ဝင်ခွင့်ရနိုင်ပါသည်။ တက္ကသိုလ်ပညာရေးကြိုတင် ပြင်ဆင်မှုသင်တန်းတွင် ဂျပန်စာအပြင် တက္ကသိုလ်ဝင်ရန် လိုအပ်သည့် အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှု၊ သိပ္ပံ စသည့် အခြေခံဘာသာရပ်များကို သင်ယူနိုင်ပါသည်။

ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ "အသိအမှတ်ပြုထားသည့် တက္ကသိုလ်ပညာရေးကြိုတင်ပြင်ဆင်မှုသင်တန်း" (JASSO)

http://www.jasso.go.jp/ryugaku/study_j/search/nihongokyouiku.html

*၃ နေထိုင်ခွင့်အရည်အချင်း (ပညာတော်သင်ကျောင်းသား) ကို ရရှိနိုင်သည်မှာ တရားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဂျပန်စာသင်ကြားမှုအဖွဲ့အစည်းများသာဖြစ်သည်။

တရားရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် ဂျပန်စာသင်တန်းကျောင်း (Ministry of Justice)

http://www.moj.go.jp/nyuukokukanri/kouhou/nyukan_nyukanho_ho28-2.html

*၄ အထူးသင်တန်းများအထဲမှ နိုင်ငံခြားသားများအတွက်သာ ရည်ရွယ်ပြီး၊ ဂျပန်စာသင်ကြားပေးသည့် အထူးသင်တန်း "Ryugakusei Bekka" ကို ဂျပန်ဘာသာအထူးသင်တန်း "Nihongo Bekka"ဟုလည်း ခေါ်ဆိုသည်။ ပုဂ္ဂလိက တက္ကသိုလ်များနှင့် ကောလိပ်များတွင် ဖွင့်လှစ်ထားသည်။ ဂျပန်ဘာသာအပြင် ဂျပန်ယဉ်ကျေးမှု၊ ဂျပန်နိုင်ငံ အခြေအနေနှင့် တက္ကသိုလ် ဆက်တက်ရန် လိုအပ်သည့် အခြေခံဘာသာရပ်များ သင်ယူနိုင်သည်။ တက္ကသိုလ်ဆက်တက်မည်ဆိုပါက သင်တန်းဖွင့်လှစ်ထားသည့် တက္ကသိုလ်ကို ကျောင်း၏ ထောက်ခံချက်ဖြင့် ဝင်ခွင့်ပေးသည့် စနစ်ကိုသုံး၍ ဆက်တက်နိုင်သလို အခြားတက္ကသိုလ်ကိုလည်း ဆက်တက်နိုင်သည်၊ တက္ကသိုလ်၏ အဆောက်အဦးနှင့် ဝန်ဆောင်မှု ကို အသုံးပြုနိုင်သည့် အားသာချက်လည်းရှိသည်။

## ၂။ စာရွက်စာတမ်းတင်ခြင်းနှင့် ကျောင်းဝင်ချိန်ကာလ

| | |
|---|---|
| ၄ လပိုင်း ~ ၉ လပိုင်း / ၁၀ လပိုင်း ~ ၂ လပိုင်း | လျှောက်လွှာယူခြင်း၊ စာရွက်စာတမ်းပြင်ဆင်ခြင်း၊ ပို့ပေးခြင်း |
| ၉ လပိုင်း ~ ၁၁ လပိုင်း / ၂ လပိုင်း ~ ၄ လပိုင်း | စာရွက်စာတမ်းလျှောက်သည့်ကာလ |
| ၁ လပိုင်း ~ ၃ လပိုင်း / ၇ လပိုင်း ~ ၉ လပိုင်း | ပြည်ဝင်ခွင့်ပြင်ဆင်မှု၊ ကျောင်းဝင်ရန်ပြင်ဆင်မှု |
| ၄ လပိုင်း / ၁၀ လပိုင်း | (၁ နှစ်၊ ၂ နှစ်) အတန်း / ၁ နှစ်ခွဲအတန်း၏ အတန်းစတင်ခြင်း |

အနည်းဆုံး ၆ လ ~ ၉ လ လောက် အချိန်ပိုထားပြီး ပြင်ဆင်မှုကိုစတင်ပါ။ ထို့အပြင် အနည်းငယ် မျှသာဆိုသော်လည်း ၇ လပိုင်း နှင့် ၁ လပိုင်း တွင် အတန်းစသည့် ကျောင်း များလည်းရှိပါသည်။

## ၃။ လျှောက်ထားရန်လိုအပ်သောစာရွက်စာတမ်းများ

① ကျောင်းဝင်ခွင့်လျှောက်လွှာ
② ကိုယ်ရေးအချက်အလက် (CV)
③ အထက်တန်း (သို့မဟုတ်) တက္ကသိုလ်၏ ရမှတ်မှတ်တမ်း
④ အထက်တန်းကျောင်းပြီးမြောက်ကြောင်း (သို့မဟုတ်) တက္ကသိုလ်ပြီးမြောက်ကြောင်း (ပြီးမြောက်မည့်အကြောင်း) ထောက်ခံစာ
⑤ ကုန်ကျစရိတ်ပေးသွင်းနိုင်စွမ်း သက်သေပြသည့် စာရွက်စာတမ်း
⑥ အခြား

**အဓိက သတိပြုစေလိုသည့် အချက်**

**ကျောင်းပြောင်းလို့ရပါသလား?**

ဂျပန်ဘာသာသင်ကြားရေးအဖွဲ့အစည်းရဲ့ စည်းမျဉ်းအနေနဲ့ ကတော့ ကျောင်းပြောင်းလို့မရပါ။ ကျောင်း၏ဝက်ဘ်ဆိုက်၊ ကျောင်းလမ်းညွှန်၊ ကျောင်းအချက်အလက်များမှာ ဝင်ကြည့်တာတွေ၊ တက်ရောက်နေဆဲ ကျောင်းသားနဲ့ ဘွဲ့ရပြီး ကျောင်းသားများဆီမှာ တိုက်ရိုက်စုံစမ်းကြည့် တာတွေလုပ်ပြီး သေချာအချက်အလက်တွေစုစည်းရင်း အလေးထားပြီး ကျောင်းရွေးကြရအောင်။

## ၄။ ကျောင်းရွေးကြရအောင်!

စာရွက်စာတမ်းပေါ်အခြေခံပြီး အဓိကရွေးချယ်သော်လည်း လျှောက်ထားသော ကာယကံရှင်နှင့် အုပ်ထိန်းသူကို အင်တာဗျူးပြုလုပ်သည့် ကျောင်းနှင့် ရေးဖြေစာမေးပွဲ ထားရှိထားသော ကျောင်းများလည်း ရှိပါသည်။

**ဂျပန်ဘာသာသင်ကြားရေးအဖွဲ့အစည်း** ထည့်သွင်းစဉ်းစားရန်အချက်!

| | |
|---|---|
| ① ပညာတော်သင်ဗီဇာ | တရားရေးဝန်ကြီးဌာနမှသတ်မှတ်ထားသည့် စံညွှန်းနှင့်ပြည့်မီရဲ့လား? (မပြည့်မီပါက ဗီဇာမကျနိုင်ပါ) |
| ② သင်ယူသည့်ရည်ရွယ်ချက် | နေ့စဉ်သုံးစကားပြော? တက္ကသိုလ်ဆက်တက်ရန်အတွက်? လုပ်ငန်းသုံးဂျပန်ဘာသာသင်ယူရန်အတွက်? |
| ③ အတန်းခွဲခြင်း | ကျောင်းသား၏ ဂျပန်စာအရည်အချင်းနှင့်ကိုက်ညီသော အဆင့်ခွဲခြားပြီး သင်ကြားပေးသလား? အတန်း(၁)တန်းတွင်ရှိသော လူဦးရေ? |
| ④ ကျောင်းသားဦးရေ၊ ဆရာဦးရေ | ကျောင်းအရွယ်အစား၊ ကျောင်းသားဦးရေနှင့် ဆရာဦးရေအချိုးကရော? |
| ⑤ တက်ရောက်သောကျောင်းသား၏ မူရင်းနိုင်ငံအချိုး | တရုတ်စာလုံး (ခန်းဂျီး) ကို သုံးသည့်နိုင်ငံများမှ လာသည့် ကျောင်းသားအရေအတွက်များလား? တရုတ်စာလုံးမသုံးသည့် နိုင်ငံများမှ ကျောင်းသားများအတွက် ဂရုတစိုက် စီစဉ်ပေးရဲ့လား? |
| ⑥ သင်ကြားချိန်စုစုပေါင်း | အထွေထွေသင်တန်းချိန်အရေအတွက်နှင့် ဘာသာရပ်အလိုက် အတန်းချိန်အရေအတွက်ကရော? |
| ⑦ စာမေးပွဲအစီအစဉ်များ | ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT) အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ပေးရဲ့လား? အခြေခံဘာသာရပ်များ (အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ ကမ္ဘာ့သမိုင်း၊ ပထဝီ) ကို သင်ကြားပေးရဲ့လား? |
| ⑧ ရှေ့ဆက်ရမည့်လမ်းအတွက် လမ်းညွှန်မှုနှင့် နေထိုင်မှုအတွက် တိုင်ပင်ဆွေးနွေးခြင်း | လမ်းညွှန်မှုနှင့် နေထိုင်မှုအတွက် တိုင်ပင်ဆွေးနွေးပေးခြင်းကို ပြုလုပ်ပေးရဲ့လား? |
| ⑨ ကျောင်းပြီးသူများ၏ရှေ့ခရီးလမ်း | စီနီယာတွေ၏ ရှေ့ခရီးလမ်းကကော ဘယ်လိုလဲ? တက်ရောက်လိုတဲ့ ကျောင်းကို သွားနိုင်ရဲ့လား? |
| ⑩ ကျောင်းစရိတ် | အတန်းချိန်အရေအတွက်၊ ဆရာဦးရေ၊ ပစ္စည်းကိရိယာတွေနဲ့ လျော်ညီတဲ့ ကျောင်းလခဟုတ်ရဲ့လား? |
| ⑪ ကျောင်းဝင်ခွင့်စာမေးပွဲ | စာရွက်စာတမ်းဖြင့် စစ်ဆေးရွေးချယ်ခြင်းပဲလား? အာမခံသူနှင့် ဂျပန်နိုင်ငံတွင် နေထိုင်လျှက်ရှိသော ဆက်သွယ်ရန်လူများနှင့် အင်တာဗျူးရှိပါသလား? ဂျပန်နိုင်ငံပြင်ပတွင်လည်း စစ်ဆေးရွေးချယ်မှုကို လုပ်ဆောင်နေပါသလား? |
| ⑫ ကျောင်းတည်ရှိရာနေရာ | မြို့ကြီးတွင် တည်ရှိတာလား? ရာသီဥတုကရော လိုက်လျောညီထွေမှုရှိရဲ့လား? |
| ⑬ နေရာထိုင်ခင်း | ကျောင်းအဆောင်ရှိရဲ့လား? နေစရာတိုက်ခန်းများ ရှာဖွေပေးသလား? |

ဂျပန်ပညာရေးအဖွဲ့အစည်းရှာရန် (ဂျပန်ဘာသာစကားပညာရေးမြှင့်တင်မှုအဖွဲ့အစည်း) http://www.nisshinkyo.org/search/

Japanese Language School Association (JaLSA) http://www.jalsa.jp/

ပုဂ္ဂလိက တက္ကသိုလ် နှင့် ကောလိပ်များ၏ နိုင်ငံခြားကျောင်းသား အထူးသင်တန်းရှာဖွေရန် (JASSO)
http://www.jasso.go.jp/ryugaku/study_j/search/nihongokyouiku.html

# ဂျပန်နိုင်ငံ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU)

**ဂျပန်နိုင်ငံ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ EJU သည် ဂျပန်နိုင်ငံ၏ တက္ကသိုလ် (ပထမဘွဲ့သင်တန်း) စသည်သို့ တက်ရောက်လိုသူများအတွက် ဂျပန်ဘာသာ အရည်အချင်း နှင့် အခြေခံပညာ အရည်အချင်း (သိပ္ပံ၊ အထွေထွေဘာသာရပ်၊ သင်္ချာ) ကို စစ်ဆေးတိုင်းတာသော စာမေးပွဲဖြစ်သည်။**

ဂျပန်နိုင်ငံ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ EJU ကို အသုံးပြုနေသော ကျောင်းအရေအတွက်

| | |
|---|---|
| တက္ကသိုလ် | 438 ခု |
| ကောလိပ် | 88 ခု |
| ဘွဲ့လွန်ကောလိပ် | 59 ခု |
| နည်းပညာကောလိပ် | 51 ခု |
| အသက်မွေးဝမ်းကျောင်း | 134 ခု |
| စုစုပေါင်း | 770 ခု |

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ စာရင်းအရ

ဂျပန်နိုင်ငံတက္ကသိုလ်အများစု (နိုင်ငံပိုင်တက္ကသိုလ်အားလုံးနီးပါး) က ကျောင်းဝင်ခွင့်စာမေးပွဲတွင် ဂျပန်နိုင်ငံ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ EJU ရမှတ်ကို အသုံးပြုနေကြပါသည်။

တူညီသော တက္ကသိုလ်ဖြစ်သော်လည်း မေဂျာပေါ်မူတည်ပြီး ကျောင်းဝင်ခွင့်စာမေးပွဲတွင် EJU ဖြေရတာမျိုးမတူ သည့်အတွက် သင် သင်ယူလိုသောမေဂျာတွင် လိုအပ်ခြင်းရှိ/မရှိကို အောက်ပါဟုမ်းပေ့ချ်တွင် စစ်ဆေးကြည့်နိုင်ပါသည်။

ဝင်ခွင့်စာမေးပွဲတွင် ဂျပန်နိုင်ငံ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ EJU ကို အသုံးပြုသည့်ကျောင်း

http://www.jasso.go.jp/ryugaku/study_j/eju/examinee/use/

## ၁။ စာမေးပွဲအချိန်ကဘယ်တော့လဲ။

နှစ်စဉ် ဇွန်လ ( ပထမအကြိမ် ) နှင့် နိုဝင်ဘာလ ( ဒုတိယအကြိမ်)

## ၂။ စာမေးပွဲကျင်းပသည့်နေရာကဘယ်နေရာလဲ။

ဂျပန်ပြည်တွင်း (၁၆)နိုင်ငံ၊ ဂျပန်ပြည်ပ (၁၄)နိုင်ငံ၊ ဒေသ (၁၇) မြို့

EJU စာမေးပွဲကျင်းပသည့်မြို့များ (ဂျပန်နိုင်ငံပြင်ပ) – အိန္ဒိယနိုင်ငံ (New Delhi)၊ အင်ဒိုနီးရှားနိုင်ငံ (Jakata ၊ ဆူရာဂျာရာ) ၊ ကိုရီးယားနိုင်ငံ (Seoul, Busan)၊ သီရိလင်္ကာနိုင်ငံ (Colomba)၊ စင်္ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ (Bangkok)၊ ထိုင်ဝမ်နိုင်ငံ (Taipei)၊ ဖိလစ်ပိုင်နိုင်ငံ (Manila)၊ ဗီယက်နမ် (Hanoi, Ho Chi Min)၊ ဟောင်ကောင်၊ မလေးရှား (Kuala Lumpur)၊ မြန်မာနိုင်ငံ (Yangon)၊ မွန်ဂိုနိုင်ငံ (Ulaabaatar)၊ ရုရှားနိုင်ငံ (Vladivostok)

## ၃။ လျှောက်လွှာတင်ရမည့်ဘာသာရပ်များ

တက်ရောက်လိုသောကျောင်းမှ သတ်မှတ်ထားသောဘာသာရပ်ကို ရွေးချယ်ရပါမည်။ Science နှင့် Japan and the World ကိုအတူတူရွေးချယ်၍မရပါ။

| ဘာသာရပ် | | ရည်ရွယ်ချက် | ဖြေဆိုချိန် | အမှတ်အပိုင်းအခြား | ဘာသာရပ်ရွေးချယ်မှု | လျှောက်ထားရန်ဘာသာစကား |
|---|---|---|---|---|---|---|
| Japanese as a Foreign Language | | ဂျပန်နိုင်ငံ၏ တက္ကသိုလ်စသည်တွင် ပညာသင်ကြားရန် အသုံးပြုသည့် ဂျပန်ဘာသာအရည်အချင်း (Academic Japanese) ကို တိုင်းတာရန်။ | 125 မိနစ် | Reading Comprehension, Listening - Reading Comprehension 0 ~ 400 မှတ်<br>Writing 0 ~ 50 မှတ် | | ဂျပန်ဘာသာ တစ်မျိုးတည်း |
| အခြေခံပညာအရည်အချင်း | Science | ဂျပန်နိုင်ငံ၏ တက္ကသိုလ်စသည်၏ သိပ္ပံပညာဌာနတွင် ပညာသင်ကြားရန် လိုအပ်သည့် သိပ္ပံဘာသာရပ်များ (ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) အကြောင်း အခြေခံပညာ အရည်အချင်းကို တိုင်းတာရန်။ | 80 မိနစ် | 0 ~ 200 မှတ် | Physics, Chemistry, Biology မှ ဘာသာရပ် (၂) မျိုးကို ရွေးချယ်ပါ။ | ဂျပန်ဘာသာ (သို့) အင်္ဂလိပ်ဘာသာ (ရွေးချယ်ရန်) |
| | Japan and the World | ဂျပန်နိုင်ငံ၏ တက္ကသိုလ်စသည်တွင် ပညာသင်ကြားရန် လိုအပ်သည့် ဝိဇ္ဇာပညာဆိုင်ရာ အခြေခံပညာအရည်အချင်း၊ အထူးသဖြင့် တွေးခေါ်စဉ်းစားနိုင်စွမ်း၊ အကျိုးသင့် အကြောင်းသင့် တွေးခေါ်နိုင်စွမ်းကို တိုင်းတာရန်။ | 80 မိနစ် | 0 ~ 200 မှတ် | | |
| | Maths | ဂျပန်နိုင်ငံ၏ တက္ကသိုလ်စသည်တွင် ပညာသင်ကြားရန် လိုအပ်သည့် သင်္ချာပညာဆိုင်ရာ အခြေခံပညာ အရည်အချင်းကို တိုင်းတာရန်။ | 80 မိနစ် | 0 ~ 200 မှတ် | Course 1 (ဝိဇ္ဇာပညာဌာန နှင့် သင်္ချာပညာကို အနည်းငယ်သာ လိုအပ်သော သိပ္ပံပညာဌာနအတွက်)၊<br>Course 2 (အဆင့်မြင့် သင်္ချာပညာ ကို လိုအပ်သည့်ဌာနအတွက်) မှ တစ်ခုကို ရွေးချယ် ရန်။ | |

(ဥပမာ) A တက္ကသိုလ်လျှောက်ထားရန် လိုအပ်ချက် (EJU စာမေးပွဲဖြေဆိုရမည့် ဘာသာရပ် သတ်မှတ်ချက်)

| တက္ကသိုလ်ပထမဘွဲ့ ဌာနစသည် | Japanese as a Foreign Language | Japan and the World | Mathe-matics | Sciences | | | | အခြေခံပညာအရည်အချင်းလျှောက်ထားရန် ဘာသာစကား | အကျုံးဝင်သောရမှတ် |
|---|---|---|---|---|---|---|---|---|---|
| | | | | Physics | Chemistry | Biology | Elective | | |
| ဥပဒေပညာဌာန | ○ | ○ | Course 1 | | | | | Japanese | ၂၀၁၈ ခုနှစ်၊ ဇွန်လ၊ နိုဝင်ဘာလတွင် ဖြေဆိုထားသော ရမှတ် |
| အင်ဂျင်နီယာပညာ | | | Course 2 | ○ | | | Optional one object | English | ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် ဖြေဆိုထားသော ရမှတ် |

## ၄။ အချိန်ဇယား

| | | ပထမအကြိမ် | ဒုတိယအကြိမ် | |
|---|---|---|---|---|
| ① | လျှောက်လွှာတင်ခြင်း | ဖေဖော်ဝါရီလ ~ မတ်လ | ဇူလိုင်လ | စာမေးပွဲဖြေဆိုသူသည် လျှောက်လွှာကာလအတွင်း ကြိုတင်သတ်မှတ်ထားသောပုံစံ ※ ၁ အတိုင်း လျှောက်လွှာတင်ပြီး စာမေးပွဲကြေးကို ပေးသွင်းပါ။ (လျှောက်လွှာကာလမှာ နှစ်စဉ်ပြောင်းလဲမှုရှိသောကြောင့် သေချာစွာ ဆန်းစစ်ပါ) |
| ② | စာမေးပွဲဖြေလက်မှတ် လက်ခံရရှိခြင်း | မေလ | အောက်တိုဘာလ | စာမေးပွဲဖြေလက်မှတ်ကို ပေးပို့လာသည်။ |
| ③ | စာမေးပွဲနေ့ | ဇွန်လ | နိုဝင်ဘာလ | စာမေးပွဲဖြေသည်။ |
| ④ | ရမှတ်အကြောင်းကြားစာ လက်ခံရရှိခြင်း | ဇူလိုင်လ | ဒီဇင်ဘာလ | ရမှတ်အကြောင်းကြားစာ ကို ပေးပို့လာသည်။ စာမေးပွဲဖြေဆိုသူမှ လျှောက်ထားသော ကျောင်းမှ မေးမြန်းလာမှု အပေါ်မူတည်ပြီး JASSO သည် စာမေးပွဲဖြေဆိုသူ၏ ရမှတ်ကို သက်ဆိုင်ရာကျောင်းသို့ ပေးပို့သည်။ |

※ ၁ ဖြေဆိုမည့်မြို့ပေါ်မူတည်ပြီး၊ စာတိုက်မှပေးပို့ခြင်း၊ အွန်လိုင်းမှဖောင်တင်ခြင်းတို့ဖြင့် လျှောက်လွှာတင်နိုင်ပါသည်။ အသေးစိတ်ကို အောက်ပါဟုမ်းမ်ပေ့ချ်တွင် စစ်ဆေးကြည့်ပါ။

http://www.jasso.go.jp/ryugaku/study_j/eju/examinee/procedure/application.html

## ၅။ EJU ၏ သိကောင်းစရာများ

① ပညာသင်ဆုအကျိုးခံစားခွင့် ကြိုတင်စာရင်းသွင်းစနစ်ကို အသုံးပြုနိုင်သည်။

ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) တွင် ထူးချွန်ပြောင်မြောက်သော ရမှတ် ရရှိထားပြီး၊ ဂျပန်နိုင်ငံ၏ တက္ကသိုလ် ပထမဘွဲ့သင်တန်း၊ ဥပစာကောလိပ်၊ နည်းပညာ(ဥပစာ) ကောလိပ် (တတိယနှစ်နှင့်အထက်) သို့မဟုတ် သက်မွေးပညာသင် (ဥပစာ)ကောလိပ်တွင် အချိန်ပြည့်ကျောင်းသားအဖြစ် ကိုယ်ပိုင်ထောက်ပံ့စရိတ်ဖြင့် ကျောင်းတက်ရောက်မည့် နိုင်ငံတကာကျောင်းသားများသည် JASSO ၏ ပညာသင်ဆု " Monbukagakusho Honors Scholarship for Privately Financed International Students "

| | |
|---|---|
| ငွေပမာဏ | တစ်လလျှင် 48,000 ယန်း (2018 ခုနှစ်အတွက်) |
| လျှောက်လွှာတင်နည်း | ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) လျှောက်လွှာတင်သည့်အခါတွင် လမ်းညွှန်ထားသည့်အတိုင်း လျှောက်လွှာတင်ပါ။ |
| ရွေးချယ်နည်း | ဂျပန်နိုင်ငံ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ရမှတ်ကို စာမေးပွဲဖြေဆိုသူများအနက် ထူးချွန်ပြောင်မြောက်သူများထဲမှ ရွေးချယ်သည်။ |

http://www.jasso.go.jp/ryugaku/study_j/scholarships/shoureihi/yoyakuseido/

② စာမေးပွဲဖြေဆိုကြိမ် နှင့် အသက်ကန့်သတ်ချက်မရှိ။ ရမှတ်အသုံးပြုနိုင်သောကာလ (၂)နှစ်။

ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ကို အကြိမ်ကြိမ်ဖြေဆိုနိုင်သည်။ အသက်ကန့်သတ်ချက်လည်းမရှိပါ။ ရမှတ်၏အကျိုးဝင်သက်တမ်းမှာ (၂)နှစ် (ပြီးခဲ့သော စာမေးပွဲလေးကြိမ်စာမှ အများဆုံးအမှတ်ကိုအသုံးပြုနိုင်သော်လည်း) ကျောင်းတစ်ခုအတွက် လျှောက်ထားနိုင်သောရမှတ်မှာ ယင်းတို့အနက်မှ တစ်ကြိမ်စာသာဖြစ်သည်။ ကျောင်းတစ်ခုချင်းအလိုက် ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ၏ စာမေးပွဲဖြေဆိုကာလကို သတ်မှတ်ထားခြင်းများသောကြောင့် လျှောက်ထားလိုသောကျောင်း၏ ကျောင်းလျှောက်ရန်လိုအပ်ချက်များကို သေချာစွာ စုံစမ်းမေးမြန်းပါ။

③ ဂျပန်နိုင်ငံသို့မဝင်မီ ခွင့်ပြုချက် ကြိုယူမည်။

ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ကို အသုံးပြု၍ ဂျပန်နိုင်ငံသို့မသွားဘဲ သင့်နိုင်ငံ၊ ဒေသတွင် ကျောင်းဝင်ခွင့် ရရှိနိုင်သည့် ခွင့်ပြုချက် ကို ရယူကြရအောင်။

**EJU ကို အသုံးပြု၍ ဂျပန်နိုင်ငံသို့မလာမီ ကျောင်းဝင်ခွင့်ပေးသည့် တက္ကသိုလ်များစာရင်း (ပျမ်းမျှ ၁၆၀ ကျောင်း)**

http://www.jasso.go.jp/ryugaku/study_j/eju/examinee/prearrival/

## ၆။ EJU မေးခွန်းဟောင်းများကို လေ့လာကြည့်ရအောင်!

**ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ EJU မေးခွန်းဟောင်းများ**

http://www.jasso.go.jp/ryugaku/study_j/eju/examinee/pastpaper_sample.html




- ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) မေးခွန်းများ၊ အသံနားထောင်ပြီးဖြေရမည့် မေးခွန်းများအတွက် CD ပါသည်။

EJU စာမေးပွဲမေးခွန်းဟောင်းများကိုစုစည်းထားသည်။

စာရေးသူ၊ တည်းဖြတ်သူ - JASSO ထုတ်ဝေသူ - Bojisha Co., Ltd

(ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံအတွင်း၌သာ ဝယ်ယူနိုင်သည်)

※ ဂျပန်နိုင်ငံပညာတော်သင်မြှင့်တင်ရေးစာရွက်စာတမ်းများပုံနှိပ်ထုတ်ဝေရေးအခြေစိုက် (စာ - ၄၁) တွင် ကြည့်နိုင်ပါသည်။

### စုံစမ်းရန်

ဂျပန်နိုင်ငံပြင်ပရှိစာမေးပွဲ http://www.jasso.go.jp/ryugaku/study_j/eju/examinee/contact/ [နိုင်ငံတကာစာမေးပွဲများကျင်းပရေးအဖွဲ့အစည်း]

ဂျပန်နိုင်ငံတွင်းရှိစာမေးပွဲ Examination for Japanese University Admission for International Students (EJU) Information Desk

TEL : 0570-55-0585 Email : eju@sdcj.co.jp

※ ဂျပန်နိုင်ငံပြင်ပမှဖုန်းခေါ်ဆိုရန် TEL : +81-42-649-9571

ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ **(EJU) (JASSO)** EJU

http://www.jasso.go.jp/ryugaku/study_j/eju/

# ဂျပန်နိုင်ငံတွင် ပညာသင်ကြားရန်အတွက် စာမေးပွဲများ

**မိမိတက်ရောက်လိုသောကျောင်း၏ ကျောင်းသားခေါ်စာကို စစ်ဆေးကြည့်ပြီး လမ်းညွှန်ထားသည့်စာမေးပွဲကို ဖြေကြရအောင်။**

## ၁။ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT)

ဂျပန်ဘာသာသည် မိခင်ဘာသာမဟုတ်သူများအတွက် ဂျပန်ဘာသာအရည်အချင်းကို တိုင်းတာ၊ အသိအမှတ်ပြုရန် ရည်ရွယ်ချက်ဖြင့် ကျင်းပသော စာမေးပွဲဖြစ်သည်။ ဇူလိုင်လ နှင့် ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံ ပြည်တွင်း၊ ပြည်ပ၌ ကျင်းပပြုလုပ်သည်။

**① ဂျပန်နိုင်ငံပြည်တွင်းကြီးကြပ်အဖွဲ့အစည်းနေရာ**

**Japanese Language Learning Promotion Division, Japan Educaional Exchanges and Services (JEES)**

The JLPT Application Centre : Mon ~ Fri , 9:30 ~ 17:30

TEL : (+81) 3-6686-2974

http://info.jees-jlpt.jp/

**② ဂျပန်နိုင်ငံပြည်ပကြီးကြပ်အဖွဲ့အစည်းနေရာ**

**The Japan Foundation Centre for Japanese Language Testing**

FAX : (+81) 3-5367-1025

http://www.jlpt.jp/

## ၂။ တက္ကသိုလ်ဝင်ခွင့်စစ်ဆေးရေးစင်တာ

ဂျပန်လူမျိုးကျောင်းသားများက နိုင်ငံပိုင်တက္ကသိုလ်နှင့် အချို့သောပုဂ္ဂလိကတက္ကသိုလ် (ပထမဘွဲ့သင်တန်း) များသို့ ကျောင်းဝင်ခွင့်ရရန်အတွက် ဖြေဆိုရန်လိုအပ်သော စာမေးပွဲဖြစ်သည်။ နိုင်ငံတကာကျောင်းသားများအတွက် တက္ကသိုလ်အများစုမှာ ဖြေဆိုရန်မလိုအပ်သော်လည်း၊ အချို့သော တက္ကသိုလ်၏ ပထမဘွဲ့သင်တန်း (အများအားဖြင့် ဆေးပညာဌာန၊ သွားဘက်ပညာဌာန) သို့ လျှောက်ထားသောအခါတွင် ဖြေဆိုရန်လိုအပ်သော ကျောင်းများရှိသည်။

**The National Centre for University Entrance Examinations**

http://www.dnc.ac.jp/

## ၃။ ဂျပန်နိုင်ငံတွင် ပညာသင်ကြားရန်လိုအပ်သည့် အခြားစာမေးပွဲများ

- အင်္ဂလိပ်ဘာသာအရည်အချင်းကို အသိအမှတ်ပြုရန် စာမေးပွဲများ ...... TOEFL®, IELTS, TOEIC®, The EIKEN Test in Practical English Proficiency
- အလယ်တန်းပညာရေးပြီးမြောက်ကြောင်း ပညာအရည်အချင်းကိုသက်သေပြုရန် စာမေးပွဲများ ............ SAT, ACT, International Baccalaureate Exams, မိမိနိုင်ငံ၏ တက္ကသိုလ်ဝင်ခွင့် အမျိုးသားစံစာမေးပွဲ အစရှိသည်၏ ရမှတ်





# လူဝင်မှုကြီးကြပ်ရေးလုပ်ထုံးလုပ်နည်းများ

တရားဥပဒေရေးရာဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာန http://www.immi-moj.go.jp/

## နေထိုင်ခွင့်ဗီဇာ နှင့် နေထိုင်ခွင့်အရည်အချင်း

ဂျပန်တွင် ပြည်ဝင်ခွင့်ရဖို့အတွက် ပြည်ဝင်ခွင့် (ဗီဇာ) ကိုထုတ်ယူထားရမှာဖြစ်ပါတယ်။ ဗီဇာမှာလည်း အမျိုးအစား အမျိုးမျိုးရှိပြီး နိုင်ငံခြားသားမှ ဂျပန်လာရောက်လိုသည့် ရည်ရွယ်ချက်နှင့် ကိုယ်ရေး အချက်အလက်၊ တဖန် အဆင့်ပေါ်လိုက်ပြီး ပြည်ဝင်ခွင့်အရည်အချင်းကို ဆုံးဖြတ်ပေးပါတယ်။ ဂျပန်တက္ကသိုလ်၊ ကောလိပ်၊ နည်းပညာကောလိပ်၊ အသက်မွေးပညာသင်ကျောင်း၊ ဂျပန်စာ သင်ကြားရေးအဖွဲ့အစည်း စသည်တွင် ပညာသင်ကြားရန်အတွက် လိုအပ်သည့် နေထိုင်ခွင့်အမျိုးအစားသည် ပညာတော်သင်ဖြစ်သည်။ နေထိုင်ခွင့်ကာလသည် (၄နှစ်၃လ)၊ (၄)နှစ်၊ (၃နှစ်၃လ)၊ (၃)နှစ်၊ (၂နှစ်၃လ)၊ (၂)နှစ်၊ (၁နှစ်၃လ)၊ (၁)နှစ်၊ (၆)လ တဖန် (၃)လဖြစ်သည်။ ဗီဇာတင်လျှောက်ရာတွင် နေထိုင်ခွင့် ခွင့်ပြုချက် အရည်အချင်းပြည့်မီလက်မှတ် (COE) ကို တင်ပြသည့်နည်းလမ်းနှင့် မတင်ပြသည့်နည်းလမ်းဟူ၍ နှစ်မျိုးရှိသည်။ နေထိုင်ခွင့် ခွင့်ပြုချက်အရည်အချင်းပြည့်မီလက်မှတ် (COE) ကို တင်ပြသည့်နည်းလမ်းက လုပ်ငန်းစဉ်လုပ်ဆောင်ချိန် တိုတောင်းလှပါသည်။

> ! နိုင်ငံခြားသားများအတွက် စီစဉ်ထားသည့် ပညာသင်ဆုနှင့် အဆောင်သည် များသောအားဖြင့် "ပညာတော်သင်" နေထိုင်ခွင့် အမျိုးအစားဖြစ်သူများအတွက်သာ အကျိုးခံစားခွင့် ပေးထားပါသည်။

[ နေထိုင်ခွင့် ခွင့်ပြုချက်အရည်အချင်းပြည့်မီလက်မှတ် COE ထုတ်ပေးမှုအပေါ်အခြေခံသော ပြည်ဝင်ခွင့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့် ]



## ၁။ နေထိုင်ခွင့် ခွင့်ပြုချက် အရည်အချင်းပြည့်မီလက်မှတ် COE လျှောက်ထားခြင်း

"နေထိုင်ခွင့်အမျိုးအစား သတ်မှတ်ခြင်းဆိုင်ရာ ထောက်ခံစာ COE " ကို ဂျပန်နိုင်ငံတွင် ပညာသင်ကြားလိုသူ (လျှောက်ထားသူ) သို့မဟုတ် ၎င်း၏ကိုယ်စားလှယ် (ကာယကံရှင် ၏ ဆွေမျိုးသားချင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်း၏ ဝန်ထမ်း) က ဒေသန္တရ လူဝင်မှုကြီးကြပ်ရေးရုံးသို့ လျှောက်ထားရမည်။ လျှောက်ထားသူကိုယ်တိုင်လျှောက်နိုင်သော်လည်း များသောအားဖြင့် တက်ရောက်မည့် ပညာရေးအဖွဲ့အစည်းက ကိုယ်စားလျှောက်ပေးသည်။ လိုအပ်သည့် စာရွက်စာတမ်းများကို တက်ရောက်မည့်ကျောင်းတွင် စုံစမ်းပါ။

## ၂။ ဂျပန်နိုင်ငံတွင်နေထိုင်ရန်အတွက် လိုအပ်သည့်ကုန်ကျစရိတ်များ ကျခံနိုင်ကြောင်း ထောက်ခံသည့် စာရွက်စာတမ်း

နေထိုင်ခွင့်အမျိုးအစား သတ်မှတ်ခြင်းဆိုင်ရာ ထောက်ခံစာနှင့် ပြည်ဝင်ခွင့် လျှောက်သည့်အခါ ဂျပန်နိုင်ငံတွင် ပညာသင်ကြားမည့်ကာလတွင် ကုန်ကျမည့် ကုန်ကျစရိတ်များအတွက် လုံလောက်သည့်ငွေကြေးကို ပြင်ဆင်ထားကြောင်း သက်သေပြနိုင်သည့် အထောက်အထားကို တင်ပြကောင်းတင်ပြရလိမ့်မည်။ ယေဘူယျအားဖြင့် ဘဏ်လက်ကျန်ရှင်းတမ်း၊ ဝင်ငွေအထောက်အထားနစ်အနည်းငယ်စာ၊ အခွန်ကောက်ခံစာ စသည်များလိုအပ်သည်။ ဂျပန်နိုင်ငံတွင် ပညာသင်ကြားလိုသူကိုယ်တိုင် ကုန်ကျစရိတ် ကျခံနိုင်ခြင်းမရှိပါက ပုံမှန်အားဖြင့် အုပ်ထိန်းသူသည် ကုန်ကျစရိတ် ကျခံသူ ဖြစ်ရမည်။

Chapter 3

## ၃။ ပြည်ဝင်ခွင့် (ဗီဇာ) လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများ

"နေထိုင်ခွင့် ခွင့်ပြုချက် အရည်အချင်းပြည့်မီလက်မှတ် COE " ထုတ်ပေးလာပါက မိမိနိုင်ငံရှိ ဂျပန်သံရုံး စသည်တွင် လျှောက်ထားရမည်။

[လိုအပ်သောစာရွက်စာတမ်း] ① နိုင်ငံကူးလက်မှတ်စာအုပ်
② ဗီဇာလျှောက်လွှာ
③ ဓာတ်ပုံ
④ နေထိုင်ခွင့် ခွင့်ပြုချက် အရည်အချင်းပြည့်မီလက်မှတ် (COE)
⑤ အထက်ပါများအပြင် ထပ်ဆောင်းတင်ပြရန် တောင်းဆိုခြင်းခံရနိုင်သည်။

## ၄။ ဂျပန်နိုင်ငံသို့ ဝင်ရောက်သည့်အခါ

ဂျပန်နိုင်ငံသို့ ဝင်ရောက်သည့်အခါ အောက်ပါစာရွက်စာတမ်းများလိုအပ်သည်။

[လိုအပ်သောစာရွက်စာတမ်း] ① နိုင်ငံကူးလက်မှတ်စာအုပ် (Passport)
② ပြည်ပအခြေစိုက်ဂျပန်နိုင်ငံသံတမန်ရေးရာရုံးမှ ပြည်ဝင်ခွင့် (ဗီဇာ)
③ ဂျပန်နိုင်ငံတွင် နေထိုင်ခွင့် ခွင့်ပြုချက် အရည်အချင်းပြည့်မီလက်မှတ် COE (ထုတ်ပေးပြီးဖြစ်ပါက)

## ၅။ နေထိုင်ခွင့်ကဒ်

နေထိုင်သည့်ကာလ (၃)လထက် ကျော်လွန်သော နိုင်ငံခြားသားများအတွက် " နေထိုင်ခွင့်ကဒ် (RESIDENCE CARD) " ကိုထုတ်ပေးသည်။ နေထိုင်ခွင့်ကဒ်ကို အမြဲတမ်း ကိုယ်နှင့်တစ်ပါတည်း သယ်ဆောင်ထားရန် လိုအပ်သည်။



နေထိုင်ခွင့်ကဒ်

[နေထိုင်ခွင့်ကဒ် ထုတ်ပေးခြင်း]

ရှင်ချိတိုဆဲ၊ နာရီတာ၊ ဟာနေဒါ၊ ချူးဘု၊ ခန်းဆိုက်၊ ဟီရိုရှီးမား၊ ဖူကုအိုကာလေဆိပ်မှ ဂျပန်နိုင်ငံသို့ဝင်လျှင် -

ပြည်ဝင်ခွင့် စိစစ်သည့်အခါ နိုင်ငံကူးလက်မှတ်ပေါ် "ပြည်ဝင်ခွင့်ပြု " ဟု စာရွက်ကပ်ပေးပြီး နေထိုင်ခွင့်ကဒ်ကို ထုတ်ပေးသည်။ ဂျပန်တွင်နေထိုင်မည့်လိပ်စာကို သိရှိပါက (၁၄)ရက်အတွင်း နေထိုင်ခွင့်ကဒ်ကိုယူဆောင်သွားပြီး လိပ်စာကို သက်ဆိုင်ရာမြို့ မြို့နယ်၊ ရပ်ကွက်၊ ရွာ၏ မြူနီစီပယ်ရုံးများသို့ အကြောင်းကြားရန်လိုအပ်သည်။

အထက်ပါလေဆိပ်မဟုတ်သော နေရာများမှ ဝင်ရောက်သောအခါ -

ပြည်ဝင်ခွင့် စိစစ်သည့်အခါ နိုင်ငံကူးလက်မှတ်ပေါ် ပြည်ဝင်ခွင့်ပြုဟု စာရွက်ကပ်ပေးပြီး " နေထိုင်ခွင့်ကဒ်ကို နောင်အခါ ထုတ်ပေးမည် " ဟူသော တံဆိပ်တုံး ထုပေးခြင်းခံရမည် ဖြစ်သည်။ ဂျပန်နိုင်ငံတွင် နေထိုင်မည့်လိပ်စာကို သိရှိပါက (၁၄)ရက်အတွင်း "နေထိုင်ခွင့်ကဒ်ကို နောင်အခါထုတ်ပေးမည် " ဟု တံဆိပ်တုံးထုထားသော နိုင်ငံကူးလက်မှတ်ကို ယူဆောင်သွားပြီး လိပ်စာကို သက်ဆိုင်ရာ မြို့ မြို့နယ်၊ ရပ်ကွက်၊ ရွာ ၏ မြူနီစီပယ်ရုံးများသို့ အကြောင်းကြားရန် လိုအပ်သည်။ နေထိုင်ခွင့်ကဒ်ကို အကြောင်းကြားထားသော လိပ်စာသို့ ပို့ပေးမည်ဖြစ်သည်။

## ၆။ မိုင်နမ်ဘာ (Social Security and Tax Number)



Notification Card

နေထိုင်မည့် မြို့နယ်၏ မြူနီစပယ်ရုံးတွင် နေထိုင်သူအဖြစ် မှတ်ပုံတင်လျှင် နိုင်ငံခြားသားကိုလည်း Social Security and Tax Number (ကိုယ်ပိုင်နံပါတ်) ကို အကြောင်းကြားသည့်ကဒ် ပေးပို့လာလိမ့်မည်။ လူတစ်ယောက်ချင်းစီ ပေးထားသည့် Social Security and Tax Number သည် အစိုးရမြူနီစပယ်ရုံးတွင် လျှောက်ထားမှု တစ်ခုခုပြုလုပ်သည့်အခါ တင်ပြရန် လိုအပ်သည်။ ဂဏန်း (၁၂)လုံးရှိသော်လည်း နေထိုင်ခွင့်ကဒ်တွင်ပါဝင်သည့် နံပါတ်ဂဏန်း (၁၂)လုံးနှင့် မတူညီပါ။ Social Security and Tax Number အား အောက်ပါအခြေအနေမျိုးတွင် တင်ပြရမည်ဖြစ်သောကြောင့် ကိုယ်ပိုင်နံပါတ်ပါသည့် "ကိုယ်ပိုင်နံပါတ် အကြောင်းကြားစာ" နှင့် "ကိုယ်ပိုင်နံပါတ်ကဒ်" ကို သေချာထိန်းသိမ်းထားရမည်။

- **အစိုးရမြူနီစပယ်ရုံးတွင် လျှောက်ထားမှုတစ်ခုခု ပြုလုပ်သည့်အခါ**
- **အချိန်ပိုင်းအလုပ်လုပ်သည့်အခါ**

## ၇။ စာမေးပွဲဖြေဆိုရန်အတွက် ဂျပန်နိုင်ငံဝင်ခွင့် လုပ်ထုံးလုပ်နည်း

စာမေးပွဲဖြေဆိုရန်အတွက် ဂျပန်နိုင်ငံသို့ လာရောက်သည့်အခါ မလာမီရက်အနည်းငယ် ကြိုတင်၍ စာမေးပွဲဖြေဆိုမည့်ကျောင်းမှ ထုတ်ပေးထားသည့် စာမေးပွဲဖြေဆိုခွင့်လက်မှတ် ကို ကိုင်ဆောင်ပြီး ဂျပန်သံရုံးတွင် "ကာလတိုနေထိုင်ခွင့်" ဗီဇာကို ရယူရန်လိုအပ်သည်။ နေထိုင်ခွင့်ကာလသည် (၁၅)ရက်၊ (၃၀)ရက်၊ (၉၀)ရက် ဖြစ်သည်။ သို့သော်လည်း ဗီဇာကင်းလွတ်ခွင့်ရှိသော နိုင်ငံများ၏နိုင်ငံသားဖြစ်ပါက ဗီဇာလျှောက်ထားရန် မလိုပါ။

## ၈။ နေထိုင်ခွင့် ခွင့်ပြုချက်ပြင်ပရှိ လုပ်ဆောင်ချက်များအတွက် ခွင့်ပြုချက်

"ကျောင်းသား "အဖြစ် နေထိုင်ခွင့် ခွင့်ပြုချက်သည် ဂျပန်နိုင်ငံရှိကျောင်းများတွင် ပညာသင်ကြားရန်အတွက် ခွင့်ပြုပေးခြင်းဖြစ်ပြီး အလုပ်လုပ်ခွင့်မပြုပါ။ သို့သော်လည်း ဒေသန္တရ လူဝင်မှု ကြီးကြပ်ရေးရုံးသို့လျှောက်၍ "နေထိုင်ခွင့် ခွင့်ပြုချက်ပြင်ပရှိ လုပ်ဆောင်ချက်များအတွက် ခွင့်ပြုချက် " ရရှိပါက အချိန်ပိုင်းအလုပ် လုပ်နိုင်သည်။ "ကျောင်းသား"ဗီဇာဖြင့် နေထိုင်ခွင့် (၃လ) အထက် ရှိသူသည် အသစ် ပြန်လည် ပြည်ဝင်မည့် အခြေအနေမျိုး ဆိုပါက Land Permission ရယူချိန်တွင် လေဆိပ်၌ " နေထိုင်ခွင့် ခွင့်ပြုချက်ပြင်ပရှိ လုပ်ဆောင်ချက်များအတွက် ခွင့်ပြုချက် " ကို လျှောက်ထားနိုင်ပါသည် (စာမျက်နှာ - ၃၄ ကို ကိုးကားရန်)။ ဂျပန်နိုင်ငံသို့ ရောက်ရှိပြီးနောက်ပိုင်းတွင် " နေထိုင်ခွင့် ခွင့်ပြုချက် ပြင်ပရှိ လုပ်ဆောင်ချက်များအတွက် ခွင့်ပြုချက် " ကို လျှောက်ထားလိုပါက ဒေသန္တရ လူဝင်မှု ကြီးကြပ်ရေးရုံးသို့ လျှောက်ထားနိုင်သည်။ သို့သော် မိမိတက်ရောက်သည့်ကျောင်းပေါ်မူတည်ပြီး စာတွင်ပိုမိုအာရုံစိုက်လေ့လာနိုင်ရန် အတွက် အချိန်ပိုင်းအလုပ်ကို လုပ်ခွင့်မပြုသည့်အခြေအနေမျိုးလည်းရှိသည့်အတွက် မိမိတက်လိုသည့်ကျောင်းတွင် စုံစမ်းကြည့်ပါ။

## ၉။ ခေတ္တပြည်ပြန်ခွင့် လုပ်ထုံးလုပ်နည်း

ဂျပန်နိုင်ငံတွင်ရှိသော နိုင်ငံခြားသားသည် နေထိုင်ခွင့်ကာလအတွင်း ခေတ္တပြည်ပြန်ခြင်း၊ အခြားနိုင်ငံများသို့ သွားရောက်ခြင်းပြုလိုသောအခါ ဂျပန်နိုင်ငံမှ ထွက်ခွာမှုမတိုင်မီတွင် ဒေသန္တရ လူဝင်မှု ကြီးကြပ်ရေးဌာန စသည်၌ ဂျပန်နိုင်ငံပြန်ဝင်ခွင့်ကို ရယူထားခြင်းမရှိလျှင်၊ ပြည်ပရှိ ဂျပန်နိုင်ငံ သံတမန်ရေးရာရုံးတွင် အသစ်တစ်ဖန် ပြည်ဝင်ခွင့်ဗီဇာကို လျှောက်ထားရန်လိုအပ်မည် ဖြစ်သောကြောင့် သတိပြုကြပါ။ သို့သော် သက်တမ်းမကုန်သေးသော နိုင်ငံကူးလက်မှတ်စာအုပ် (ပက်စ်ပို့) နှင့် နေထိုင်ခွင့်ကဒ်ကို ကိုင်ဆောင်ထားသော ကာလလတ်နှင့် ကာလရှည် နေထိုင်သူများအတွက် ဂျပန်နိုင်ငံမှ ထွက်ခွာချိန်တွင် ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန် ရည်ရွယ်ကြောင်းဖော်ပြပြီး၊ ဂျပန်နိုင်ငံမှ ထွက်ခွာချိန်မှ (၁)နှစ်အတွင်း (၁ နှစ်ထက်နည်းသော နေထိုင်ခွင့် ကာလရှိသူမှာ အဆိုပါ နေထိုင်ခွင့်ကာလအတွင်း) ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ပါက မူအားဖြင့် ဂျပန်နိုင်ငံမှ ထွက်ခွာမှုမပြုမီတွင် ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ကို ရယူရန်မလိုအပ်ပါ။


ပြန်လည်ဝင်ထွက်ခွင့်ပြု ED ကဒ်ပြား

> ဂျပန်နိုင်ငံမှ ထွက်ခွာချိန်တွင် နေထိုင်ခွင့်ကဒ်ကို သေချာစွာ တင်ပြကာ၊ ဂျပန်နိုင်ငံပြန်ဝင်ထွက်ခွင့် အတွက် သုံးသော ED ကဒ်ပေါ်တွင် ဂျပန်နိုင်ငံပြန်ဝင်ခွင့်အထူးခွင့်ပြုချက်စနစ်ဖြင့် ဂျပန်နိုင်ငံမှ ထွက်ခွာခြင်းဖြစ်ကြောင်း သင့်ရည်ရွယ်ချက်ကိုဖော်ပြသည့် ကော်လံတွင် အမှန် အမှတ်အသား ခြစ်ပါ။

## ၁၀။ နေထိုင်ခွင့်ကာလ သက်တမ်းတိုးခြင်း

ဂျပန်နိုင်ငံသို့ ဝင်ရောက်ချိန်တွင် သတ်မှတ်ခြင်းခံရသော နေထိုင်ခွင့်ကာလ ကုန်ဆုံးသည့်နေ့ထက် ကျော်လွန်ပြီး ဆက်လက်နေထိုင်ရန် ရည်ရွယ်ပါက၊ ဒေသန္တရ လူဝင်မှုကြီးကြပ်ရေးဌာန စသည်တွင် နေထိုင်ခွင့်ကာလကို သက်တမ်းတိုးရန်အတွက် လျှောက်ထားရမည်ဖြစ်သည်။ (ပုံမှန်အားဖြင့် နေထိုင်ခွင့်ကာလကုန်ဆုံးမည့် အချိန်ထက် (၃)လခန့်စောပြီး လျှောက်လွှာလက်ခံပေးသည်) နေထိုင်ခွင့်ကာလ ကုန်ဆုံးသည့်ရက်ထက် ကျော်လွန်ပြီး တရားမဝင်နေထိုင်ပါက အပြစ်ဒဏ်ပေးခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်းများ ခံရမည်။

> သက်တမ်းတိုးရန်မေ့လျော့ပြီး တရားမဝင်ဖြစ်သွားခြင်း၊ ကျောင်းထွက်ခြင်းများဖြစ်ပေါ်ပါက ပညာသင်ဆုကြေးငွေ မရရှိခြင်း ဖြစ်တတ်ပါသည်။

## ၁၁။ နေထိုင်ခွင့် ခွင့်ပြုချက် ပြောင်းခြင်း

လက်ရှိ လုပ်ဆောင်နေသော လုပ်ဆောင်ချက်ကို ရပ်ဆိုင်းပြီး၊ အခြားသော နေထိုင်ခွင့် ခွင့်ပြုချက်နှင့်သက်ဆိုင်သော လုပ်ဆောင်ချက်ကိုပြုလုပ်မည်ဆိုပါက ဒေသန္တရ လူဝင်မှုကြီးကြပ်ရေး ဌာန စသည်တွင် နေထိုင်ခွင့် ခွင့်ပြုချက်ကို ပြောင်းခွင့်ပေးရန် လျှောက်ထားရမည်ဖြစ်သည်။

> **!** ခွင့်ပြုချက်မရယူဘဲ ဝင်ငွေအလို့ငှာ အလုပ်လုပ်ခြင်း၊ အခကြေးငွေရယူပြီး လုပ်ရှားမှုများတွင်ပါဝင်ခြင်းများပြုလုပ်ခဲ့သော် အပြစ်ပေးခံရခြင်း (သို့မဟုတ်) အတင်းအကြပ်ကျောင်းထွက်ခိုင်းခြင်း ခံရနိုင်ပါသည်။

## ၁၂။ နေထိုင်ခွင့် ခွင့်ပြုချက် ရုတ်သိမ်းခြင်း

လျှောက်ထားသူမှ ပြုလုပ်မည့် လုပ်ဆောင်ချက်နှင့် နောက်ကြောင်းရာဇဝင်အား လိမ်လည်ခြင်း၊ နောက်ကြောင်းရာဇဝင်အတုများကို တင်သွင်းခြင်းပြုလုပ်ပါက နေထိုင်ခွင့် ခွင့်ပြုချက် ကို ရုတ်သိမ်းခြင်းခံရမည်ဖြစ်သည်။

> **!** "ပညာတော်သင်" နေထိုင်ခွင့်ဖြင့် ကျောင်းတက်ခြင်းမရှိဘဲ အလုပ်လုပ်ကိုင်နေသကဲ့သို့ လက်ရှိကိုင်ဆောင်ထားသည့်နေထိုင်ခွင့်နှင့် သက်ဆိုင်သောလှုပ်ရှားမှုကို (၃)လထက် ကျော်လွန်ပြီး လုပ်ဆောင်ခြင်းမရှိပါက ခိုင်လုံသောအကြောင်းပြချက်မရှိလျှင် နေထိုင်ခွင့်အား ရုပ်သိမ်းခြင်း ခံရနိုင်ပါသည်။

## ၁၃။ မိသားစုကို ဂျပန်နိုင်ငံသို့ ခေါ်ယူခြင်း

"ကျောင်းသား" ဟူသော နေထိုင်ခွင့် ခွင့်ပြုချက်ကို ကိုင်ဆောင်ထားပြီး တက္ကသိုလ်၊ ဥပစာကောလိပ်၊ နည်းပညာ (ဥပစာ)ကောလိပ်၊ သက်မွေးပညာသင် (ဥပစာ) ကောလိပ်၊ ပညာရေးကြိုတင်ပြင်ဆင်မှုသင်တန်း အစရှိသည်တွင် ပညာသင်ကြားနေသူများ၏ ထောက်ပံ့မှုကို လက်ခံနေသော အိမ်ထောင်ဖက်နှင့် သားသမီးများသည် "မှီခို (Dependent)" နေထိုင်ခွင့် ခွင့်ပြုချက်ဖြင့် ဂျပန်နိုင်ငံတွင်နေထိုင်နိုင်သည်။ နေထိုင်ခွင့်ကာလမှာ ထောက်ပံ့သူ၏ နေထိုင်ခွင့်ကာလ အတိုင်း ဖြစ်သည်။ နိုင်ငံတကာကျောင်းသားကိုယ်တိုင်က ဂျပန်နိုင်ငံရှိ နေထိုင်မှုဘဝတွင် အသားကျပြီး၊ ငွေရေးကြေးရေးအခြေအနေ အပါအဝင် အသင့်အနေအထားဖြစ်နေပြီးမှသာ မိသားစုကို ဂျပန်နိုင်ငံသို့ ခေါ်ယူရန် တိုက်တွန်းသည်။

> **!** မှီခိုမိသားစုဝင် မှ "ခေတ္တနေထိုင်ခွင့် (Temporary visitor)" ဗီဇာ (ပုံမှန်အားဖြင့် "ခရီးသွားဗီဇာ")ဟု ခေါ်တွင်သည်ဖြင့် ဂျပန်နိုင်ငံသို့ လာရောက်ပါက ဂျပန်နိုင်ငံအတွင်း၌ "မှီခို (Dependent)" နေထိုင်ခွင့် ခွင့်ပြုချက်ကို ပြောင်းရန်ခက်ခဲကြောင်း ကောင်းစွာ သတိပြုပါ။

## ၁၄။ လူဝင်မှုကြီးကြပ်ရေးရုံး၊ မြူနီစပယ်ရုံးသို့ အကြောင်းကြားခြင်း

အမည်၊ မွေးသက္ကရာဇ်၊ ကျား၊ မ၊ နိုင်ငံသားတွင် အပြောင်းအလဲရှိသည့်အခါ နှင့် အခြားကျောင်းသို့ ကျောင်းပြောင်းခြင်းစသည့် မိမိနှင့်သက်ဆိုင်သော အဖွဲ့အစည်းသည် အပြောင်းအလဲရှိသည့် အခါ ပြောင်းလဲသည့်နေ့မှ (၁၄)ရက်အတွင်း သက်ဆိုင်ရာ ဒေသန္တရ လူဝင်မှုကြီးကြပ်ရေးရုံးသို့ အကြောင်းကြားရမည်။ ထို့အပြင် လိပ်စာအပြောင်းအလဲ ရှိသည့်အခါ သက်ဆိုင်ရာ မြူနီစပယ်ရုံးသို့ အကြောင်းကြားရမည်။





# ပညာတော်သင်အတွက် လိုအပ်သော ကုန်ကျစရိတ်

ပညာသင်ကြားရန် ကုန်ကျစရိတ် စုစုပေါင်းကို အကြမ်းဖျင်းတွက်ချက်ထားပြီး ကိုယ်ပိုင်ဝင်ငွေအပါအဝင် စနစ်တကျ ဘဏ္ဍာရေးစီမံကိန်းရေးဆွဲထားခြင်းသည် ပညာသင်လာရောက်ပြီး နောက်ပိုင်းတွင်လည်း စိတ်ချရသည့် လူနေမှုဘဝကို ဖြစ်စေပါသည်။ မဖြစ်နိုင်သော ပညာတော်သင်အစီအစဉ်ဖြစ်နေမလားဆိုသည်ကို စစ်ဆေးနိုင်ဖို့အတွက် ပညာသင်ကြားရန် လိုအပ်သည့်စရိတ်ကို တွက်ချက်ကြည့်ရအောင်။

| | | ခန့်မှန်းခြေပမာဏ (၄) နှစ်တက်ရသည့် နိုင်ငံပိုင် တက္ကသိုလ် | | သင့်အတွက်သေချာပေါက် လိုအပ်မည့်ငွေကြေးပမာဏ |
|---|---|---|---|---|
| ကျောင်းမလျှောက်ခင် လိုအပ်သည့် ကုန်ကျစရိတ် | စာမေးပွဲအမျိုးမျိုးအတွက် စာမေးပွဲကြေး EJU, JLPT, TOEFL® စသည် | ¥28,080 | ပြည်တွင်းတွင် EJU စာမေးပွဲကို (၂)ဘာသာအထက် (၂)ကြိမ် ဖြေဆိုပါက | ¥ |
| | တက်ရောက်လိုသည့်ကျောင်း၏ ကျောင်းဝင်ခွင့် စာမေးပွဲကြေး | ¥17,000 | အစိုးရတက္ကသိုလ်ကို (၁)ကြိမ် ဖြေဆိုပါက | ¥ |
| | ကျန်းမာရေးစစ်ဆေးချက် (ကျောင်းပေါ်မူတည်၍) | ¥6,000 | နိုင်ငံပေါ်လိုက်၍ ကွဲပြားသည် | ¥ |
| | လျှောက်လွှာတင်ရန် စာရွက်စာတမ်းပို့သည့်စရိတ် (ကျောင်းပေါ်မူတည်သည်) | ¥2,000 | နိုင်ငံပေါ်လိုက်၍ ကွဲပြားသည် | ¥ |
| ကျောင်းဝင်ခွင့် စာမေးပွဲအတွက် ကုန်ကျစရိတ် | လေယာဉ်ခ နှင့် နေထိုင်စရိတ် | ¥100,000 | နိုင်ငံနှင့် နေထိုင်သည့်ရက်အပေါ် လိုက်ပြီး ကွဲပြားသည် | ¥ |
| | ပတ်စ်ပို့လျှောက်ခ | ¥12,000 | နိုင်ငံပေါ်လိုက်၍ ကွဲပြားသည် | ¥ |
| | ဗီဇာအတွက် ဝန်ဆောင်ခ | ¥5,000 | နိုင်ငံပေါ်လိုက်၍ ကွဲပြားသည် | ¥ |
| ကျောင်းဝင်ခွင့် ရပြီးနောက်ပိုင်း လိုအပ်သည့် ကုန်ကျစရိတ် | ခရီးစရိတ် | ¥70,000 | နိုင်ငံပေါ်လိုက်၍ ကွဲပြားသည် | ¥ |
| | နေထိုင်စရိတ် (နေစရာနေရာ ရသည်အထိ ဟိုတယ်ခ) | ¥30,000 | နေထိုင်သည့်ရက်အပေါ် လိုက်ပြီး ကွဲပြားသည် | ¥ |
| | ကျောင်းဝင်ကြေး | ¥282,000 | နိုင်ငံပိုင် တက္ကသိုလ် | ¥ |
| | ပထမနှစ်ရဲ့သင်တန်းကြေး | ¥535,800 | နိုင်ငံပိုင် တက္ကသိုလ် | ¥ |
| | လမ်းစရိတ် | ¥48,000 | ၂၀၁၆ ခုနှစ်၏ မိမိစရိတ်ဖြင့် ပညာတော်သင်လာရောက်သည့် ကျောင်းသားများ၏ နေထိုင်မှု စစ်တမ်းကို မူတည်ပြီး (၁၂)လစာ တွက်ချက်ထားသည်။ | ¥ |
| | စားသောက်စရိတ် | ¥300,000 | | ¥ |
| | နေထိုင်စရိတ် | ¥372,000 | | ¥ |
| | မီတာခ (မီးဖိုး၊ ရေဖိုး၊ ဂတ်စ်ဖိုး) | ¥84,000 | | ¥ |
| | အာမခံ၊ ဆေးကုသမှုစရိတ် | ¥24,000 | | ¥ |
| | ဝါသနာ၊ အလည်အပတ်စရိတ် | ¥72,000 | | ¥ |
| | အထွေထွေကုန်ကျစရိတ် | ¥84,000 | | ¥ |
| စုစုပေါင်း | | **¥2,071,880** | | ¥ |

စုစုပေါင်းကုန်ကျစရိတ်ကို တွက်ချက်ပြီးသောအခါ ထိုကုန်ကျစရိတ်ကို စုငွေ၊ ပညာတော်သင်ဆု၊ အချိန်ပိုင်းအလုပ် လုပ်ပြီး ရယူနိုင်ပါ့မလားဆိုတာ ဆန်းစစ်ကြည့်ကြရအောင်။

# နေထိုင်မှုကုန်ကျစရိတ် နှင့် ကုန်ဈေးနှုန်း

## ၁။ ငွေကြေးနှင့်ကုန်ဈေးနှုန်း

ဂျပန်နိုင်ငံ၏ ငွေကြေးမှာ ယန်း ဖြစ်သည်။ ခရက်ဒစ်ကတ်များကို အသုံးပြုသော ဆိုင်များလည်း ရှိသော်ငြား၊ ပုံမှန်အားဖြင့် ဂျပန်နိုင်ငံတွင် ငွေသားဖြင့် ငွေပေးချေမှု ပြုလုပ်ကြသည်။ ချက်လက်မှတ်ကို ဂျပန်နိုင်ငံတွင် နေ့စဉ်ငွေပေးချေမှုများအတွက် အသုံးပြုခြင်း သိပ်မရှိပါ။

[ငွေစက္ကူ]



10,000 ယန်း　5,000 ယန်း　2,000 ယန်း　1,000 ယန်း

[ငွေအကြွေစေ့]



◆ အဓိကကုန်ပစ္စည်းများ၏ဈေးနှုန်းများ

အမေရိကန် (၁)ဒေါ်လာ = (၁၁၄) ယန်းဖြင့် တွက်ချက်သည်။

| | | | | | |
|---|---|---|---|---|---|
| ဆန် (5 kg) | 2,137 ယန်း | (19 အမေရိကန်ဒေါ်လာ) | ဆိုဒါအရည်များ (500ml PET bottles) | 97 ယန်း | (1 အမေရိကန်ဒေါ်လာ) |
| ပေါင်မုန့် (1 kg) | 435 ယန်း | (4 အမေရိကန်ဒေါ်လာ) | ဟမ်ဘာဂါ | 174 ယန်း | (2 အမေရိကန်ဒေါ်လာ) |
| နွားနို့ (1,000 ml) | 223 ယန်း | (2 အမေရိကန်ဒေါ်လာ) | ကားဓာတ်ဆီ (1 Liter) | 132 ယန်း | (1 အမေရိကန်ဒေါ်လာ) |
| ကြက်ဥ | 248 ယန်း | (2 အမေရိကန်ဒေါ်လာ) | အိမ်သာသုံးစက္ကူ (12 လိပ်) | 279 ယန်း | (2 အမေရိကန်ဒေါ်လာ) |
| ပန်းသီး (1 kg) | 497 ယန်း | (4 အမေရိကန်ဒေါ်လာ) | ရုပ်ရှင်ရုံလက်မှတ် | 1,800 ယန်း | (16 အမေရိကန်ဒေါ်လာ) |
| ဂေါ်ဖီထုပ် (1 kg) | 244 ယန်း | (2 အမေရိကန်ဒေါ်လာ) | တက္ကစီ (4 km) | 1,450 ယန်း | (13 အမေရိကန်ဒေါ်လာ) |

Source : Portal Site of Official Statistics of Japan

## ၂။ နေထိုင်မှုကုန်ကျစရိတ်

နိုင်ငံတကာကျောင်းသားတစ်ယောက်၏ လစဉ် ကုန်ကျစရိတ် (ကျောင်းလခ မပါ) မှာ အောက်ပါအတိုင်း ဖြစ်သည်။ မြို့ကြီးပြကြီးများ၏ နေထိုင်မှု ကုန်ကျစရိတ်မှာ နယ်နှင့် နှိုင်းယှဉ်ပါက မြင့်မားသည်။




◉ လစဉ်အသုံးစရိတ်ကို တစ်ခုချင်း အသေးစိတ်ခွဲခြမ်းစိတ်ဖြာချက် (တစ်နိုင်ငံလုံး ပျမ်းမျှ)




**Source** : Lifestyle Survey of Privately Financed International Students 2015 (JASSO)

※ အမေရိကန် (၁)ဒေါ်လာ = (၁၁၄) ယန်းဖြင့် တွက်ချက်သည်။

# ကျောင်းလခ

ဂျပန်နိုင်ငံကျောင်းများ၏ ကျောင်းလခသည် အမေရိကန် နှင့် ဗြိတိသျှနိုင်ငံရှိ တက္ကသိုလ်များနှင့် နှိုင်းယှဉ်ပါက ဈေးမကြီးပါ။ ဂျပန်နိုင်ငံ၏ ဘွဲ့ကြိုတက္ကသိုလ်၏ တစ်နှစ်တာ ကျောင်းဝင်ကြေး နှင့် ကျောင်းစရိတ်စုစုပေါင်းသည် နိုင်ငံပိုင်တက္ကသိုလ် မှာ 820,000 ယန်း (7,200 အမေရိကန်ဒေါ်လာခန့်) ၊ ဒေသပိုင်တက္ကသိုလ် မှာ 930,000 ယန်း (8,200 အမေရိကန်ဒေါ်လာခန့်)၊ ပုဂ္ဂလိကတက္ကသိုလ်ဆိုပါက 1,100,000 ယန်း (9,700 အမေရိကန်ဒေါ်လာ)ခန့်မှ 1,650,000 ယန်း (14,500 အမေရိကန်ဒေါ်လာ)ခန့်ကုန်ကျနိုင်ပါသည်။ (ဆေးပညာနှင့် သွားဘက်အဆိုင်ရာမပါဝင်ပါ) ထို့အပြင် ကျောင်းပညာသင်ဆုစနစ် နှင့် ကျောင်းလခလွတ်ငြိမ်း/လျှော့ပေါ့ပေးမှု စနစ်များလည်း အခြားနိုင်ငံများနှင့်ယှဉ်လျှင် ပိုမိုကောင်းမွန်တိုးတက်လျက် ရှိသည်။ ပထမနှစ်ကျောင်းလခ၌ ကျောင်းဝင်ကြေး၊ သင်တန်းကြေး၊ အထောက်အပံ့ပစ္စည်း ပစ္စယ/ကိရိယာကြေးစသည်များ ပါဝင်သည်။ ထို့အပြင် ကျောင်းဝင်ကြေးမှာ ပထမစာသင်နှစ်တွင်သာ ပေးရမည်ဖြစ်သည်။

## ပထမစာသင်နှစ် ပျမ်းမျှ ကျောင်းလခ (အမေရိကန် ၁ ဒေါ်လာ = ၁၁၄ ယန်းဖြင့် တွက်ချက်သည်)

### ● ဘွဲ့လွန်တက္ကသိုလ်

| ဘွဲ့လွန်တက္ကသိုလ် | | ပထမစာသင်နှစ်အတွက် စုစုပေါင်းကုန်ကျငွေ | | | | ဘွဲ့ရသည်အထိ ကုန်ကျစရိတ် ※၁ | |
|---|---|---|---|---|---|---|---|
| | | ကျောင်းဝင်ကြေး (ပထမနှစ်သာ) | သင်တန်းကြေးစသည် | စုစုပေါင်း | | စုစုပေါင်း | |
| | | ယန်း | ယန်း | ယန်း | ဒေါ်လာ | ယန်း | ဒေါ်လာ |
| နိုင်ငံပိုင် (ဘွဲ့လွန်အတန်း) | | 282,000 | 535,800 | 817,800 | 7,174 | 1,353,600 | 11,874 |
| ဒေသပိုင် (ဘွဲ့လွန်အတန်း) | | 363,666 | 537,937 | 901,603 | 7,909 | 1,439,540 | 12,628 |
| ပုဂ္ဂလိက(ဘွဲ့လွန်အတန်း)ဘာသာရပ်အလိုက် | အနုပညာ | 218,171 | 1,200,295 | 1,418,466 | 12,443 | 2,618,761 | 22,972 |
| | အင်ဂျင်နီယာ | 223,766 | 955,317 | 1,179,083 | 10,343 | 2,134,400 | 18,723 |
| | ကျန်းမာရေးစောင့်ရှောက်ခြင်း | 248,905 | 879,148 | 1,128,053 | 9,895 | 2,007,201 | 17,607 |
